
မိတ်ကူးချိုမြိုင်အနုပညာ

# ဒဂုန်ခင်ခင်လေး
# ရွှေပဟိုရ်နှင့် ဝတ္ထုတိုများ



ဒုတိယအကြိမ်

mgyoe.com

ဒဂုန်ခင်ခင်လေး

# ရွှေပဟိုရ်နှင့် ဝတ္ထုတိုများ



mgyoe.com

mgyoe.com

ရွှေပဟိုရ်နှင့်ဝတ္ထုတိုများ၊ ဒဂုန်ခင်ခင်လေး
စာမျက်နှာ ၂၁၀ မျက်နှာ၊ ၁၂ ·၈စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ မတ်လ၊ ဒုတိယကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၆ ဒဂုန်ခင်ခင်လေးစာအုပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ရွှေပဟိုရ် နှင့် ဝတ္ထုတိုများ

## ဒဂုန်ခင်ခင်လေး

ဒုတိယအကြိမ်၊ ၂၀၀၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ရွှေပဟိုရ် | ၁ |
| ၂။ | စစ်ကိုင်းတံတား | ၅၃ |
| ၃။ | အိမ်ထောင့်ရှင် | ၉၃ |
| ၄။ | ရွှေလင်းယုန် | ၁၃၇ |


□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ရွှေပဟိုရ်

## အခန်း ၁

နှောင်... ဒိုင်း... ဟူ၍ သာယာစွာ တီးလေ့ရှိသော ပဟိုရ်စည်သံနှင့် များစွာကွာဝေးလှသဖြင့် ကြက်တွန်သံကလေးကိုသာ ပဟိုရ်အမှတ်ဖြင့် အချိန်ပြု၍နေရသော တောရွာငယ်ကလေးတစ်ရွာ၏ထိပ် အရိပ်အာဝါသနှင့် ပြည့်စုံသော ညောင်ပင်ကြီးတစ်ပင်အောက်တွင် အလိုက်ဘာသာအားဖြင့် ပျော်ပါးရွှင်ပျစွာ ကစားမြူးထူးလျက်ရှိသော ကလေးသူငယ်ကလေးများကို ဤဝတ္ထုစသည်နှင့် တစ်ပြိုင်တည်း တွေ့မြင်ရပေလိမ့်မည် ဖြစ်ပေ၏။ ထိုကလေးများအနက် ရုပ်လက္ခဏာအားဖြင့် လှပသန့်ရှင်းသော မိန်းမငယ်ကလေးတစ်ယောက်နှင့် သူငယ်ကလေးတစ်ယောက်မှာ ရှင်မင်းဆွေဆိုသော ကလေးမလေးနှင့် မောင်ယောဆိုသော သူငယ်ကလေး ဖြစ်လေ၏။

ငင်းရှင်မင်းဆွေနှင့် မောင်ယောတို့ကား အခြားသောကလေးများနှင့်မတူ မူယာကွဲပြား ထူးခြားသော အဆင်းနှင့်ပြည့်စုံကြပုံချင်း တူညီကြလည်း တစ်မိသားတည်းမဟုတ်ဘဲ မောင်ယောမှာ ရွာထိပ်ဘုန်းကြီး

mgyoe.com

mgyoe.com

ကျောင်းတွင် သီတင်းသုံးသော ဘုန်းတော်ကြီးဦးညေယျက သုံးနှစ်သား အရွယ်ကမှစ၍ ကျွေးမွေးသုတ်သင်လာခဲ့ပြီးလျှင် ယခုအရွယ်တိုင် စာပေ ကျမ်းဂန်တို့ကို စေ့ငစုံလင်အောင် သင်ကြားပြသလျက် ဘုန်းတော်ကြီး ဦးညေယျ၏ သားတပည့်ရင်းပင်ဖြစ်လေ၏။ ရှင်မင်းဆွေကား ၎င်းရွာ အတွင်း ဆင်းရဲသောမုဆိုးမတစ်ဦး၏ သမီးကလေး ဖြစ်လေ၏။

ယင်းသို့ ကစားမြူးပျော်လျက် ရှိကြကုန်သော ကလေးများထဲတွင် အသားနက်နက် မျက်ခမ်းစပ်စပ်နှင့် ညိုကြီးခေါ် ခပ်ကျယ်ကျယ် သူငယ် ကလေးက 'ဟေ့ မင်းဆွေ နင်တို့ ဒွေးလေးငြိမ်းဆီသွားပြီး မြို့က အ ကြောင်းတွေ ပြောတာ နားထောင်ရအောင်ဟေ့'ဟု ပြောကာ မိမိနှင့်အတူ စာသင်ဘက်ဖြစ်သော မောင်ယောကိုလည်း လှည့်ကာ 'မင်းကော လိုက် မလား' ဟု မေးလိုက်လေ၏။ ၎င်းညိုကြီးဆိုသော သူငယ်ကလေးကား ထိုရွာ၌ ဘုရင်ဟု ခေါ်နိုင်သော ရွာသူကြီး ဦးရန်နိုင်၏ ကေပုတ္တ တစ်ဦး တည်းသော သားငယ်ပင်ဖြစ်သည့်အလျောက် ဘုန်းတော်ကြီး ဦးညေယျ ထံအပ်နှံ၍ စာပေသင်ကြားလျက်ရှိလေ၏။ ဤကဲ့သို့ ညိုကြီးက မေး သောစကားကို ကြားကြသော မောင်ယော ရှင်မင်းဆွေနှင့်တကွ အခြား သော ကလေးများပါ သဘောတူညီကြသဖြင့် ညောင်ပင်အောက်မှ ရွာဝ သို့ပြေးသွားကြလေ၏။

၎င်းဒွေးလေးငြိမ်းကား ရှင်မင်းဆွေ၏ အမေနှင့် ညီအစ်မဝမ်းကွဲ တော် ရှင်ငြိမ်းအောင်ဆိုသော အဒေါ်ကြီးပင် ဖြစ်လေ၏။ ရှင်ငြိမ်းအောင် မှာ ဤရွာ၌ အမြဲနေသူ မဟုတ်ချေ။ ရွှေမြို့တော်ကြီးတွင် မင်းတရားကြီး ဘုရား၏သမီးတော် စလင်းစုဘုရား၏ အပျိုတော်ကြီးတစ်ဦးအိမ်တွင် နေထိုင်၍ ၎င်းအပျိုတော်ကြီးနှင့်အတူ နန်းတွင်းသို့ အစဉ်မပြတ်လိုက် ပါရပြီးလျှင် နဂိုဝါသနာကလည်း ပျော်တတ်ရွှင်တတ်သဖြင့် အပျိုတော် ကလေးများအား ရယ်စရာမောစရာ ပုံတိုပတ်စကလေးများကို ပြောပြ

mgyoe.com

mgyoe.com


ကာ အပျင်းဖြေတတ်သဖြင့် စလင်းစုဘုရား၏ဆောင်တော်တွင်းရှိ အပျို တော်ကြီးငယ်အပေါင်းတို့ကပင် အထူးချစ်ခင်ကြသဖြင့် ဒေါ်ငြိမ်းအောင် မှာ စလင်းအဆောင်တော်တစ်ခုလုံးနှင့် များစွာပင် အကြောင်းအပေါင်း သင့်လျက်နေသူ ဖြစ်လေ၏။

နှစ်နှစ်တစ်ကြိမ်၊ သုံးနှစ်တစ်ကြိမ်လည်း မိမိအစ်မနှင့် တူမကလေး ရှင်မင်းဆွေတို့ကိုတွေ့ရန် ရွာသို့ ခေတ္တခဏ ပြန်၍လာတတ်လေ၏။ ဒေါ်ငြိမ်းအောင်သည် ဤရွာသို့ ပြန်ရောက်လာသည်မှာ နှစ်လကျော်မျှ ကြာရှိခဲ့လေ၏။ ဒေါ်ငြိမ်းအောင် ပြန်လာသည်ဟုကြားလျှင် ရွာသူ ရွာသား၊ လူကြီးလူငယ်၊ မိန်းမယောကျ်ားမကျန် ရွှေမြို့တော်နှင့် ကွာဝေး လှသည့်အတိုင်း မမြင်ဖူးသော မကြားဖူးသော အကြောင်းအရာများကို လာရောက်မေးမြန်းကာ ရှင်ငြိမ်းအောင်ပြောသော စကားများကို တရားနာ သကဲ့သို့ပင် ကောင်းစွာ နားထောင်၍ များစွာအံ့သြချီးမွမ်းလျက် ဒေါ်ငြိမ်း အောင်အား စားစရာသောက်စရာကလေးများ ပေးသူကပေးနှင့် ရွာသူ ရွာသားတို့မှာ ဒေါ်ငြိမ်းအောင်ကို အထူးသဖြင့် အရေးယူကြလေ၏။

မြို့မှရောက်ခါစတွင် လူကြီးပိုင်းက ဧည့်မစဲသော်လည်း တစ်လ ကျော်လောက်ရှိလျှင် ဒေါ်ငြိမ်းအောင်ထံသို့ လူဝင်လူထွက်စဲ၍ သွားလေ ၏။ သို့သော် ရွာရှိကလေးများမှာကား တစုတဝေးကြီး မကြာခဏလာ၍ ဒေါ်ငြိမ်းအောင်အား မြို့မှ အကြောင်းများကို မေးမြန်းတတ်ကြလေရာ၊ ဒေါ်ငြိမ်းအောင်ကလည်း ကလေးများနှင့် သင့်လျော်သော 'ရာမဇာတ်' 'အိနောင်ဇာတ်'ပွဲများ၊ နန်းတော်တွင်း၌ ကပြကြပုံ၊ သီတင်းကျွတ်အခါ ပြုလုပ်သော 'ဆီမီးမြင်းမိုရ်' ပွဲတော်၊ တန်ဆောင်မုန်းလအခါ ပြုလုပ် သော တန်ဆောင်တိုင်ပွဲတော်အကြောင်း၊ ၎င်း တန်ဆောင်တိုင်အခါတွင် နန်းတော်သူများ ညချင်းပြီး 'မသိုးသင်္ကန်း' ရက်ကြသောအကြောင်း၊ ရေသဘင်ပွဲအကြောင်းမှစ၍ ပဟိုရ်စင်မှ အချိန်မှန်တီးသော ပဟိုရ်စည်

mgyoe.com

mgyoe.com


ကြီး၏ သာယာလှသော အကြောင်းများကို တစ်ခုပြီးတစ်ခု နေ့စဉ်နေ့စဉ် ပြောပြလေရာ၊ ကလေးလူငယ်တို့မှာလည်း ရှေးဒဏ္ဍာရီပုံပြင်များကို နားထောင်ဘိသကဲ့သို့ တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်၍ နေတတ်ကြလေ၏။ အချို့သောကလေးမိခင်တို့မှာ မိမိတို့ သားသမီးများကို အထိန်းသက်သာသည်ဟု ဒေါ်ငြိမ်းအောင်ကိုပင် ကျေးဇူးတင်နေကြလေ၏။

ဤကဲ့သို့ နားထောင်ကြကုန်သော ကလေးများအနက် ရှင်မင်းဆွေသည်ကား ဒေါ်ငြိမ်းအောင်ပြောပြသမျှထဲတွင် မိမိအသည်းနှ၌ စွဲ၍နေသော အရာသည်ကား ပဟိုရ်စည်တော်ကြီး၏ သာယာချိုအေးလှသောအသံကို ကြားလိုခြင်း၊ ၎င်းစည်တော်ကြီးကို မြင်လိုခြင်းတို့ပင် ဖြစ်လေသည်။ သို့ကြောင့် မိမိကြီးပြင်းသောအခါ ရွှေမြို့တော်ကြီးသို့ သွား၍ ပဟိုရ်စည်သံကို နားထောင်မည်ဟု ကလေးဘာဝတွေးတောပြီး သန္နိဋ္ဌာန်ချ၍ ထားသူဖြစ်လေ၏။

❒

mgyoe.com

mgyoe.com

# အခန်း ၂

အသီးအပွင့်တို့နှင့် ဝေဆာ၍ အရိပ်အာဝါသ ကောင်းလှသော သစ်ပင်ကြီးအပေါင်းတို့သည် မကြီးမီ ငယ်စဉ်အခါကစ၍ တဖြည်းဖြည်း မြင့်လာပြီးနောက် အခက်အညွှာက် အခေါက်အပွင့်အဆင့်ဆင့် ဝေဖြာလျက် ကောင်းစွာ ကြီးပွား၍ လာရသကဲ့သို့ ဤလောကဌ် ရှိရှိသမျှသော လူသတ္တဝါအပေါင်းတို့မှာလည်း သေမင်း၏ အနှောင့်အယှက်မှ ကင်းလွတ်ခဲ့လျှင် ပထမအရွယ်မှ ဒုတိယအရွယ်၊ ဒုတိယအရွယ်မှ တတိယအရွယ်သို့ရောက်ကာ ကလေးသူငယ်အဖြစ်မှ လူကြီးလူရွယ်၏ အဖြစ်သို့ ရောက်ရခြင်းသည်ကား မလွဲသော သဘာဝတရားကြီးပင် ဖြစ်လေသည့် အတိုင်း ရှင်မင်းဆွေနှင့်တကွ မောင်ယောအစရှိသော ယခင်က ကလေးသူငယ်တို့မှာ ကလေးဘဝမှ တစ်စတစ်စ ကြီးပြင်း၍လာကြလျက် ယခုအခါတွင် မောင်ယောမှာ လုပခန့်ညားသော ယောကျ်ားပျို (ဝါ)

mgyoe.com

mgyoe.com


ကာလသားအရွယ်ဖြစ်၍ ရှင်မင်းဆွေမှာလည်း ပြေပြစ်ကြော့ရှင်းသော မိန်းမပျိုကလေးအဖြစ်သို့ ရောက်ရှိပြီးနောက် တစ်ယောက်အား တစ်ယောက် ငယ်ရွယ်စဉ်အခါကစပြီး ချစ်ခင်၍လာကြသည်နှင့် လျော်စွာ အချိန်အရွယ်ရောက်လာကြသောအခါတွင်လည်း တစ်မျိုးတစ်မည် အားဖြင့် ပြောင်းလဲထူးခြားသော ချစ်ခင်ခြင်းတို့ဖြင့် မေတ္တာချင်းရင်းနှီးလျက် နေကြလေ၏။

သို့ရာတွင် ရှင်မင်းဆွေ၏ သဘော၌ကား မောင်ယောအား ယခု အခြေအနေမျိုးအတိုင်းနှင့် မနေစေလိုဘဲ၊ လောကတွင် လူတစ်ယောက်ဟု ပြောလောက်၊ ဆိုလောက်ရှိမှသာလျှင် လင်ယောကျ်ားအဖြစ်နှင့် တစ်သက်လုံးပေါင်းမည်ဟု သဘောထားလျက် အကြင်မျှကာလပတ်လုံး မောင်ယောသည် လူတို့ဘောင်တွင် ပြောပလောက်သော လူတစ်ယောက်မဖြစ်သေး၊ ထိုမျှကာလပတ်လုံး မိမိကလည်း အပျိုဘဝနှင့်ပင် စောင့်စားအံ့ဟု စိတ်ကိုနိုင်နင်းစွာ ပိုင်းဖြတ်ထားလေ၏။

တစ်နေ့သော ညတစ်ည၏ ထွန်းလင်းသာယာလှသော လရောင်အောက်တွင် ရှင်မင်းဆွေသည် ဝါးကွပ်ပျစ်ကလေး တစ်ခုပေါ်၌ ထိုင်၍ ဝါဖန်ရင်း သီချင်းကလေးများကို တငြီးငြီးတွားတွားသီဆိုလျက်နေစဉ်၊ မောင်ယောသည် အလည်လာနေကြဖြစ်သည့်အတိုင်း မကြာမီရောက်လာ၍ စပ်မိစပ်ရာ စကားများကို ပြောနေကြရာမှ မောင်ယောမှာ အနည်းငယ် စဉ်းစားတွေးတောလျက်နေပြီးနောက်၊ ရှင်မင်းဆွေ၏ဘက်သို့ လှည့်ကာ အသက်ကို ပြင်းပြင်းရှူရှိုက်၍ တစ်ဖန်လည်း မျက်နှာကို တစ်ဖက်သို့လှည့်ကာ မိမိဦးခေါင်းကို ကုတ်လျက် ရင်ထဲတွင် စိတ်ရှုပ်ကာနေသော အခြင်းအရာကို ရှင်မင်းဆွေမြင်ရသောအခါ 'ကိုယော၊ ဒီကနေ့ ဘာဖြစ်လာတာလဲ၊ မျက်နှာမကောင်းဘူး' ဟု မေးသည်တွင်... မောင်ယောက 'ဘာဖြစ်ရမှာလဲ မင်းဆွေရေ၊ ကိုယော လိုတာမရနိုင်လို့

mgyoe.com

mgyoe.com


စိတ်ရှုပ်နေရတဲ့အထဲမှာ ဒီနေ့ စိတ်ညစ်စရာ သတင်းတစ်ခု ကြားလာပြန်ပြီကော'

မင်းဆွေက စိုးရိမ်စွာနှင့် "အို... ဘာသတင်းလဲ"

"ဘာသတင်းရမလဲ၊ ခင်ဗျားကို ညိုကြီးက မနေနိုင်မထိုင်နိုင် ကြိုက်လွန်းလို့ မရရအောင် ကြံနေပြီ၊ ဟိုတစ်နေ့က ရွာအနောက်က ထန်းတောထဲမှာတောင်ပဲ ထန်းရည်ကလေးတမြမြနဲ့ မင်းဆွေကို ငါ သွားတောင်းမယ်တဲ့၊ သူ့ အမေကြီးက မပေးစားဘူးဆိုရင် မြင်းနဲ့တင်ပြီး ခိုးယူမယ်လို့ ကြိမ်းဝါးနေတယ် ခင်ဗျ"

မင်းဆွေက ပြုံး၍ 'အမယ် ရယ်စရာ။ ဒါများရှင်က ပူနေရသေးသလား။ ဒီအကောင် အရက်ရူးကို အရေးလုပ်မနေပါနဲ့၊ ကွယ်ရာမှာ မူးတိုင်းအလကား လျှောက်ရွတ်နေတာပါ၊ ကျွန်မရှေ့ကျရင်ဖြင့် မော်လို့တောင်မှ မကြည့်ဝံ့ပါဘူး။ ဒီလောက်လည်း သတ္တိရှိတဲ့လူ မဟုတ်ပါဘူး၊ သူ့အကြောင်း ကျွန်မ သိပါတယ်'

"ဒါကတော့ ဂရုမစိုက်ဘဲနေမယ်ဆိုလည်း အရေးမကြီးပါဘူး၊ လိုတာမရနိုင်တာက အခက်ဆုံးမို့ စိတ်အညစ်ဆုံးပါပဲ"

"ရှင်လိုချင်တာက ဘယ်လိုအရာမျိုးမို့ စိတ်ညစ်ရတာလဲ၊ ဇမ္ဗူ့ သပြေသီး စားချင်တာလား၊ ဒေဝစ္ဆရာ မိုးနတ်လျာကလေးများ လိုချင်သလား၊ မရနိုင်တဲ့အရာကိုလည်း မတောင့်တရဘူးနော်၊ မရနိုင်တဲ့ဟာကို လိုချင်အားကြီးရင် ကိုယ့်ကိုယ်ကိုယ် ဒုက္ခပေးသလိုနေတဲ့အပြင်၊ နောက်ဆုံးတစ်နေ့မှာ အလိုမပြည့်တဲ့ စိတ္တဇနဲ့ အနိစ္စရောက်ရတဲ့ ထုံး သက်သေတွေလည်း အထင်အရှားမို့ စဉ်းစားပြီးမှ စိတ်ညစ်တန်ရင် ညစ်တာပေါ့"

"သပြေသီးလည်း မစားလို၊ နတ်အပျိုကိုလည်း အလိုမရှိပါဘူး၊ လောကတစ်ခုလုံးမှာ မင်းဆွေကိုရရင် ဘာမှ အလိုမရှိတော့ဘူး၊ အခုတော့ ကျုပ်အလိုအရှိဆုံးထားတဲ့ မင်းဆွေကို မရနိုင်လို့ စိတ်ညစ်နေရတာ

mgyoe.com

mgyoe.com


ပဲ၊ ဘယ့်နှယ်လဲ ရှင်မင်းဆွေရယ်၊ ကိုယောချစ်သလိုမျိုး နည်းနည်းကလေးဖြစ်တော့ မချစ်ဘူးလား"

"အို... ကိုယောကလည်း အသစ်လုပ်နေပြန်ပြီ၊ မင်းဆွေက ကိုယောကို ဘယ်လိုချစ်တယ်ဆိုတာ သိရဲ့သားနဲ့ မေးတာမျိုး အံ့ပါရဲ့ရှင်"

"မင်းက ချစ်ပါတယ်ဆိုတာနဲ့ ပြီးနေတာပဲ၊ အမှန်ချစ်ရင် တမြန်နှစ်ဆီကတည်းက ရရောပေါ့၊ အခုတော့ တစ်ခါလာလည်း ဆိုင်းပါဦး၊ နှစ်ခါပြောလည်း ချစ်ပါတယ် စောင့်ပါဦး၊ သုံးခါရှိလည်း ငယ်ပါသေးတယ်နဲ့ အချိန်တွေဆွဲပြီး တလွဲကိုချည်း ပြောနေတာပဲ"

"ဒီလို အချိန်တွေဆွဲပြီး မနည်းကြီးကြာအောင် နေတာပဲ အဆုံးမှာ ကိုယော ကြီးပွားဖို့ပါပဲ၊ 'ပညာ၊ ဥစ္စာ၊ ကြင်ယာ' ဆိုတဲ့ အချက်ကြီးသုံးခုမှာ ပထမအခါတွင် ပညာကိုရှာရမယ်၊ ဒုတိယအခါမှာ ပစ္စည်းဥစ္စာကို စုဆောင်းရမယ်၊ ဒီနှစ်ပါး ပြည့်စုံ၍ လူပုံပေါ်မှာ ထင်ရှားမှ ကြင်ယာကို ထားရမယ်ဆိုတဲ့အတိုင်း ယခုအခါ ဒီက ကိုယောမှာ ပညာဆိုတဲ့ ပထမအချက်တစ်ခုကတော့ ဆရာတော်ကြီး ဦးညေယျက လုံ့လပြုပြီး သင်ကြားထားလေတော့ ယောကျ်ားတို့ သိအပ်တဲ့ ပိဋကတ်၊ ဗေဒင်၊ ရာဇဝင်၊ သမိုင်း၊ သမိုင်းကျောက်စာ၊ ပျို့၊ ကဗျာ၊ လင်္ကာ၊ မော်ကွန်းမှစ၍ အခြေခံပညာကို လုံလောက်စွာ ရနေပါလျက်၊ ဒုတိယအချက်ဖြစ်တဲ့ စီးပွားဥစ္စာရှာဖို့က လိုနေသေးတယ်လို့ ထင်ပါသေးတယ် ကိုယောရယ်၊ လောကနီတိဆရာကြီးများ စကားကိုလည်း ဒီအရာမျိုးနဲ့ဆိုရင် များများကြီး သတိရဖို့ ကောင်းပါတယ်"

"သြော်... သြော်... မယ်မင်းကြီးမက အစတုန်းကမှ မပြောဘဲကိုး၊ စီးပွားရှာရမယ်ဆိုရင် ဒီတောကြိုအုံကြားမှာဖြင့် နွားတစ်ရှဉ်းနဲ့ တလင်းနယ်ပြီး လယ်လုပ်စားဖို့ပဲ တတ်နိုင်တယ်၊ ကုန်ရောင်းကုန်ဝယ်ဖို့ ဆိုတာ

mgyoe.com

mgyoe.com


ကတော့လည်း အရင်းအနှီးရှိဦးမှ ဖြစ်တာပဲ"

"အို... ဒီလိုအလုပ်မျိုးကို မင်းဆွေက ဘယ်တော့မှ စိတ်မကူးပါဘူး၊ ကိုယောရဲ့ ရုပ်လက္ခဏာ၊ ပညာစွမ်းနဲ့ဆိုတော့ ဒီတောရွာကလေးမှာ အသုံးပြုစရာ မမြင်ဘဲနေပါတယ်။ ကိုယောတို့လို ပညာအခြေခံရှိတဲ့ ပုဂ္ဂိုလ်များဟာ မြောက်စားချီးမြှင့်မည့်သူမရှိဘဲ တောကြိုတောင်ကြားမှာ မီးခဲပြာဖုံးသလို စုံးစုံးမြုပ်အောင် ဇာတ်မြှုပ်ပြီး မနေကောင်းဘူး၊ ရွှေမြို့တော်ကြီးများ သွားပြီးတော့ လူနားသူနားနီးနီးနေရလျှင် ကိုယောဆိုတဲ့ နာမည်ဟာ တစ်နေ့နေ့တော့ အမှန်မုချ ထင်ရှားလာရမှာ အမှန်ပါ။ အဲဒီလို ကျော်ကြားလို့ ထင်ရှားလာခဲ့ရင် 'ထင်ပေါ်ရင် စင်တော်ကကောက်' ဆိုတဲ့ စကားအတိုင်း ဘုန်းတော်ကြီးလှသော မင်းတရားကြီးဘုရားက အထိုက်အလျောက် မြောက်စားတော်မူမှာပဲ"

"အဲဒီလိုမင်းပြောတဲ့အတိုင်းများ ဖြစ်မယ်ဆိုရင်တော့ အားရစရာကြီးပေါ့ ရှင်မင်းဆွေ၊ သို့သော်လည်း မင်းနား၊ စိုးနား အမှုထမ်းရတယ်ဆိုတဲ့ အလုပ်ဟာ စေ့စေ့တွေးမယ်ဆိုရင် ဘာမှ ကောင်းတာမရှိဘူး။ 'မင်းခ ယောကျ်ား၊ ကမ်းနားသစ်ပင်" တဲ့ မြစ်ကမ်းမှာပေါက်တဲ့ သစ်ပင်များဟာလည်း နေ့ပြိုမည်၊ ညပြိုမည်မသိဘူးတဲ့၊ ထို့အတူ မင်းခစားတဲ့ မင်းမှုထမ်းများဟာလည်း နေ့သေမည်၊ ညသေမည် မသိရတော့ အခက်သား။ ရာဇမာယာကလည်း အများအပြားမို့ ကျုပ်တို့လို တောသားများ မဆိုထားနှင့်၊ အပါးတော်မှာ အစဉ်အဆက် အမှုတော်ထမ်းလာတဲ့ ပုဂ္ဂိုလ်များတောင်မှ လည်ပင်းတယားယားနှင့် ဓားသွားကို မေတ္တာပို့နေကြသေးတာကလား"

'ဘုံခန်းပြောတော့ မြောက်၊ ငရဲခန်းပြောတော့ ချောက်' ဆိုတာလို မကောင်းတာတွေချည်း လျှောက်ပြောနေမယ်ဆိုလည်း အများကြီးပေါ့၊ ကောင်းတာတွေ လျှောက်ပြောရရင်လည်း မကုန်နိုင်ပါဘူး။ ကိုယ့်

mgyoe.com

mgyoe.com


ကုသိုလ်အတိုင်း ဖြစ်ကြတာပါ၊ ကိုင်းလေ ကိုယောပြောတဲ့ လည်ပင်း တယားယားနဲ့ ဓားသွားကို မေတ္တာပို့နေရအောင် အတွင်းတော်ကို ရှုတ်တရက် အမှုမထမ်းသေးဘဲ သင့်တင့်တဲ့အရပ်က အကြံအစည် တောင်းပြီး နာရီတော် တန်ဆောင်းကို ကြည့်ရှုရတဲ့ 'နာရီတော်မှူး ရာထူးကို ရအောင် သွားပေတော့"

'အမယ်လေးဟဲ့ ရှင်မင်းဆွေ၊ 'နာရီတော်မှူး' ဆိုတာ တော်တော့ လူကို ခန့်တာမဟုတ်ဘူးခင်ဗျ၊ ပုဏ္ဏားပညာရှိကြီးများ၊ မြန်မာပညာရှိကြီး များသာ ခန့်ထားရိုးထုံးစံရှိတာကလား၊ ကျုပ်တို့လို လူငယ်ကလေးများ ဆိုတော့ တော်ပါ မင်းဆွေရာ၊ မင်းအကြံက ဟန်မရပါဘူး'

'ဘယ်လိုပဲ ကြီးကျယ်တဲ့ ပညာရှင်တွေပဲဖြစ်ဖြစ်၊ ဖဝါးလက်နှစ် လုံး ပခုံးလက်နှစ်သစ်ကတည်းက တတ်မြောက်လာကြတာ မဟုတ်ပါ ဘူး၊ မြတ်စွာဘုရားတောင်ပဲ မယ်တော်ဝမ်းကဖွားလျှင် ဖွားချင်း သဗ္ဗ ညုတ ရွှေဉာဏ်တော်ကို ရခဲ့တာ မဟုတ်ပါဘူး၊ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူပြီးမှ ရတယ်မဟုတ်လား၊ 'ယောကျ်ားတံခွန်၊ လူရည်ချွန်က၊ ကောင်းကင်တမွတ်၊ ကြယ်ကိုဆွတ်လည်း၊ မလွတ် စတမ်း၊ ရမြဲလမ်း' ဆိုတာလို ယောကျ်ားဆိုတာမျိုးဟာ ဘယ်အခါမှ သတ္တိကို မလျှော့ရဘူးလို့ အဆိုအရှိသားနဲ့ ရှင့်မှာတော့ဖြင့် သုံးတောင်ဝတ် မိန်းမသားလို အားကလေးခပ်လျော့လျော့နဲ့ နေဖို့ပဲ တတ်တယ်၊ ကိုင်း စကားမများနဲ့၊ ရွှေမြို့တော်ကြီးကို မကြာခင်သွားပြီး ကျွန်မပြောတဲ့ 'နာရီတော်မှူး' အရာကိုရအောင် ကြံပါ၊ ဒီလိုမှ ကိုယ့်သတ္တိကို ကိုးစားပြီး ပေါက်မြောက်အောင် မသွားချင်ဘူးလို့ဆိုရင် မင်းဆွေကို ဘယ်တော့မှ ချစ်ပါလေး ကြိုက်ပါလေးနဲ့ မပြောလာနဲ့။ ရှင့်ကို အခုလို အခြေအနေ အတိုင်းဆိုရင်ဖြင့် တစ်သက်လုံး မချစ်တော့ဘူး' ဟု ရှင်မင်းဆွေက ပြောနေစဉ်၊ အိမ်ရှေ့လမ်းမှ မိမိတို့ဆီသို့ လူတစ်ယောက် လာနေသည်ကို

mgyoe.com

mgyoe.com


မြင်သဖြင့် စကားဖြတ်၍ လာနေသောသူကို ကြည့်၍နေကြလေ၏။

ထိုလာသူလည်း အနီးသို့ရောက်လျှင် သူကြီးသား မောင်ညိုကြီး ဖြစ်ကြောင်းကို သိသဖြင့် ရှင်မင်းဆွေကပင် စတင်၍ 'သြော်… ကိုညိုကြီး ပါလား၊ လာပါ ဒီအပေါ်မှာ ထိုင်လေ' ဟု ဆိုသဖြင့် မောင်ညိုကြီးသည် ကွပ်ပျစ်၏ တစ်ဖက်သောအစွန်းတွင် ဝင်၍ထိုင်လျက် 'အေး၊ ငါလည်း ပျင်းပျင်းရှိလို့ လျှောက်လာခဲ့တယ်၊ ဟိုဘက်က မောင်ယော မဟုတ်လား ဟေ့၊ အမယ် ငါ့လူက ဘာတွေများ စဉ်းစားကြီးပြီး ငေးနေပါလိမ့်' ဟု ပြောမှ မောင်ယောမှာ ရှင်မင်းဆွေ ပြောလိုက်သော စကားများကို စဉ်းစား နေရာမှ သတိရ၍ 'သြော်… မောင်ညိုလား၊ ဘာမှမစဉ်းစားပါဘူးကွယ်၊ ဒါနဲ့ ငါလာတာလည်း အတော်ကြာသွားပြီဟေ့၊ ဘုန်းကြီးဆိုလိမ့်မယ်၊ ပြန်မှပဲ' ဟု ပြောကာ နေရာမှထ၍ အညောင်းများဆန့်ပြီးလျှင် ပျင်းရိ လေးလံသော ကိုယ်ကို မလှမ်းတစ်ချက် လှမ်းတစ်ချက်ဖြစ်သော ခြေများ က သယ်ယူ၍ သွားလေ၏။ မောင်ယောသွား၍ အတန်ကြာလျှင် 'ငါ ပြောတာ နားမထောင်ဘဲကိုးကွ' ဟု ညိုကြီးက ပြောသောကြောင့်…

"ဘာနားထောင်ရမှာလဲ၊ ကျွန်မဖြင့် သတိမရပါဘူး"

"ဒီဘုန်းကြီးကျောင်းမှာ ခိုကပ်နေတဲ့ အလေနတောကောင်ကလေး ကို အဖက်မတန်လို့ အရောမဝင်ပါနဲ့လို့ ပြောတာလေ၊ မင်းကို ရွာထဲက ကဲ့ရဲ့လှပြီ၊ ငါကတော့ မင်းကို ကောင်းစေချင်တဲ့ စေတနာနဲ့…"

"အို… ကိုညိုကလည်း မဟုတ်တာဘဲ၊ ရှင်ရယ်၊ ကျွန်မရယ်၊ ကိုယောရယ် ဒီသုံးယောက်ဟာ ငယ်ငယ်လေးကတည်းက ကစားဖော် ကစားဖက်တွေမို့ ဒီအရွယ်ကျအောင် ခင်ခင်မင်မင်နေကြတာ အသိကြ သားပဲရှင်။ မသိတဲ့လူတွေက ကဲ့ရဲ့တာတော့ မင်းဆွေက အရေးမလုပ် ချင်ပါဘူး" ဟူ၍ ပြောပြီးသောအခါတွင်ကား မောင်ညိုကြီးမှာ တစ်စုံ တစ်ရာ ဆက်လက်၍ မပြောတော့ဘဲ တွေးတော စဉ်းစားလျက် အတန်

mgyoe.com

mgyoe.com


ကြာမှ "ငါကတော့ ကောင်းစေချင်လို့ပါဗျာ၊ ရွာထဲကဖြင့် ဒီကောင်ကလေး လူရာတောင် မသွင်းကြဘူး၊ မင်းကသာ...၊ အေးလေ... ငါတော့ ဘာကိစ္စရှိသလဲ" ဟု ပြောရင်းဆိုရင်းပင် နေရာမှ ထ၍ အိမ်ပြန်သွားလေ၏ ။

❒

mgyoe.com

mgyoe.com

# အခန်း ၃

ချစ်ခြင်းမေတ္တာများတွင် သာမန်အပေါ်ယံအချစ်၊ သည်းသည်းမည်းမည်းနှင့် မြဲမြဲစွဲစွဲချစ်သော အချစ်များဖြစ်လေ၏။ ၎င်း ၂ မျိုးတို့တွင် အကြင်မိန်းမတစ်ယောက်သည် အနှောင့်အယှက် ရန်စူး ရန်ငြော်များ ရှိသဖြင့် ကူညီဖယ်ရှားပေးရန်သော်လည်းကောင်း၊ သို့တည်းမဟုတ် အခြားတစ်မျိုးမျိုးအားဖြင့် ကိုးစားယုံကြည်သဖြင့် မိမိအား ချစ်ခင်ပါသည် ဟုဆိုသော ယောကျာ်းကို စေခိုင်းအံ့၊ အပေါ်ယံချစ် အနှစ်မပါသော သူတို့ကား တောင်လိုလို မြောက်လိုလိုနှင့် ရီးတီးယားတားလုပ်ကာ ရှောင်ကွင်း၍ သွားလတ္တံ့။ စွဲမြဲခိုင်ခံ့တည်ကြည်သော မေတ္တာနှင့် ချစ်ခင်သော ယောကျာ်းဖြစ်ညားအံ့။ 'စိုးပါနဲ့ မေရယ်၊ မိုးကြယ်မို့လား' ဆိုသော သီချင်းအသွားကဲ့သို့ နင်လား ငါလား ယောကျာ်းဘသားဟု ကြိမ်းဝါး ကာ အသက်ကိုပင် ပဓာနမထားဘဲ ကြိုးစားမည်ကား အမှန်မုချပင် ဖြစ်လေ၏။

သို့ကြောင့် မောင်ယောသည် ရှင်မင်းဆွေအား နှိုင်းစာ၍ မရ

mgyoe.com

mgyoe.com

အောင် ချစ်ခင်ပေ၏။ ရှင်မင်းဆွေကလည်း မောင်ယောကဲ့သို့ပင် ချစ်ခင်လှပေ၏။ ရှင်မင်းဆွေ၏ လိုအင်ဆန္ဒကား မောင်ယောသည် ရွှေမြို့တော်ကြီးသို့သွား၍ မင်းနားစိုးနားတွင်ကပ်ပြီးလျှင် ‘နာရီတော်မှူး’ ဖြစ်သည့်တိုင်အောင် နေစေလို၏။ မောင်ယောကလည်း အပေါ်ယံအချစ်မျိုး မဟုတ်ဘဲ မြဲစွဲသော အချစ်ကြောင့် မင်းဆွေ၏ အလိုဆန္ဒကို မကြာခင်ပြည့်စုံအောင် ကြိုးစားတော့မည်ဟု မိမိ၏စိတ်ကို ပိုင်းဖြတ်လိုက်လေ၏။

ဤကဲ့သို့ ပိုင်းဖြတ်ပြီးသောအခါတွင်ကား မိမိသည် ရွှေမြို့တော်ကြီးသို့ရောက်လျှင် မည်သည့် ပုဂ္ဂိုလ်ထံတွင် ကပ်ရပ်နေထိုင်ရပါမလဲဟူသော ရှေးဦးစွာသော အခက်အခဲကို တွေ့ရလေ၏။ ထိုသို့အခက်အခဲတွေ့ရသောအခါတွင် ထချည်ထိုင်ချည်နှင့် တစ်နေ့လုံး စိတ်ရှုပ်လျက် နေရာမှ ကျေးဇူးရှင်ဖြစ်သော ဘုန်းတော်ကြီး ဦးညေယျကို သွား၍သတိရသဖြင့် ‘ဟယ်…ဘယ်လိုပဲနေနေ ဘုန်းကြီးထံသွားပြီး တပည့်တော်နေပြည်တော်ကိုသွားပြီး အမှုထမ်းရအောင်ကြံပေးပါ ဘုရား’ လို့လျှောက်တော့မည်ဟူသော အကြံတစ်ခုကိုရသဖြင့် ဘုန်းတော်ကြီးအနားသို့ သွား၍ ထိုင်လေ၏။

ဘုန်းတော်ကြီးက ‘ဟဲ့ မောင်ယော၊ ဘာလဲ’

“တပည့်တော် လျှောက်စရာတစ်ခုရှိလို့ ဘုရား”

“အေး အေး… လျှောက်စမ်း”

“တပည့်တော် ဒီရွာမှာနေရတာ မပျော်ဘူး ဘုရား၊ ပြီးတော့လည်း တပည့်တော်ကို ရွာထဲကလူများက အရေးမလုပ်ကြဘူး၊ အနုတ်စုတ်၊ ဂုတ်စုတ် ဘုန်းကြီးကျောင်းမှာ ကပ်ပါးရပ်ပါးလုပ်နေတဲ့ အကောင်ရယ်လို့ ငယ်ငယ်က ကစားဖော်များကတောင် အဖက်မလုပ်ချင်ကြဘူး ဘုရား။ ဒီတော့ တပည့်တော်လည်း မခံချင်စိတ်ကလေး ရှိလာတာကြာပြီဘုရား။ ဒင်းတို့ခေါင်းပေါ်မှာ မားမားကြီးရပ်ပြီး ပြားပြားဝပ်နေတဲ့ သူတို့

mgyoe.com

mgyoe.com


မျက်နှာတွေကို မကြည့်ရလျှင် မနေဘူးလို့ စိတ်ကူးမိပါတယ်။ တပည့်တော်မှာ အရှင်ဘုရား သင်ကြားထားတဲ့ ပညာများလည်း အပြည့်အစုံမို့ လူ့ဘုံမှာ ထင်ရှားအောင် ဘုရင့်အပါး ပို့တော်မူပါ ဘုရား"

"အေး... တော်ရဲ့... တော်ရဲ့... မင်းရုပ် လက္ခဏာကို ထောက်ထားလို့ ယောကျ်ားဟဲ့ ဆိုတဲ့ ဇာတိမာန်နဲ့ ဖွဲ့သန်မယ့် ယောကျ်ားပဲလို့ ငယ်စဉ်ကတည်းက အကဲခတ်မိတဲ့အတိုင်း မှန်နေပါပကော၊ အင်း... ယောကျ်ားဆိုတာ ဒီလိုမှပေါ့။ မင်းမပြောခင် ငါလည်း ဒီလိုပဲ စိတ်ကူးမိတယ်။ အခု တို့ရွာကိုစားရတဲ့ ရွာစားကြီးလာနေတယ်။ နှစ်ရက်လောက်ရှိရင် ရွှေမြို့တော်ကို ပြန်လိမ့်မယ်။ ငါ့တပည့်သူနဲ့ လိုက်သွားပေတော့။ အစစမှာကြားပြီး အပ်လိုက်မယ် ကြားလား။ အနို့ ဘယ်နေရာကများ ဘုရင့်အမှုတော် ထမ်းရွက်မယ်လို့ စိတ်ကူးသလဲ"

"မင်းခယောကျ်ား ကမ်းနားသစ်ပင်ဆိုတဲ့စကား ကြောက်တဲ့အတွက် ဘုရင်နဲ့နီးနီး လက်ပွန်းတတီးလည်း အမှုတော်မထမ်းလိုဘူး ဘုရာ့၊ ဒီတော့ 'နာရီတော်မှူး' ဖြစ်နိုင်မယ့် ဘက်က စပြီး အမှုတော်ထမ်းလိုပါတယ် ဘုရား"

"အင်း... 'နာရီတော်မှူး' ဆိုတော့ တော်တော်ကြိုးစားမှ ဖြစ်နိုင်မယ့် အလုပ်ကလား၊ အေးလေ မင်းပညာအခြေခံကလေးနဲ့ဆိုတော့ မဖြစ်နိုင်ဘူးလို့ မဆိုနိုင်ဘူးပေါ့၊ 'ကံ၊ ဉာဏ်၊ ဝီရိယ' သုံးပါးလုံး ညီညွတ်ရင် ဘယ်အရာမဆို ခရီးရောက်တာဘဲ။ ကဲကဲ... ငါ့တပည့် စိတ်ချပေတော့။ ဆရာသမားဝတ္တရားအတိုင်း ငါ ကြည့်ရှုရမှာပေါ့" ဟု ပြောပြီးလျှင် ကပ္ပိယကြီးတစ်ယောက်အား ရွာစားကြီးကိုခေါ်ရန် စေလွှတ်လိုက်လေ၏။

(ရွာစားကြီးနှင့် ဘုန်းတော်ကြီး ဦးညေယျသည်ကား ငယ်စဉ်ကပင် အတူတကွ စာသင်ဘက်များဖြစ်လေ၏။ ဦးညေယျသည် ရွှေမြို့တော်

mgyoe.com

mgyoe.com


ကြီးတွင် နေထိုင် သီတင်းသုံးလျှင် ဘုရင်ဆက်ကပ်လှူဒါန်းသော ဘွဲ့တံဆိပ်တော်များနှင့် မြောက်စားကိုးကွယ်သည်ကို ခံရမည်ဖြစ်သော်လည်း ဘုန်းတော်ကြီးမှာ လောကီပကာသန ရာဇဝလ္လဘ အလုပ်ကို စက်ဆုပ်တော်မူသဖြင့် ဤတောရွာငယ်ကလေးတွင် တိတ်တဆိတ် ငြိမ်သက်စွာ သီတင်းသုံးပြီး မြတ်စွာဘုရား၏ တရားတော်များကိုသာ ကြိုးစားအားထုတ်လျက် နေတော်မူခြင်းဖြစ်လေ၏။ မျှားမကြာမီ ရွာစားကြီး ရောက်လာ၍ မောင်ယောကို ပြသအပ်နှံပြီးလျှင် နေပြည်တော်သို့ ရောက်လျှင် 'နာရီတော်မှူး' ကြီး ဦးချိုအပါးတွင်ထားရန် တိုင်ပင်၍ နေကြလေ၏။

* * *

"သွားခါနီး မောင်ကြီးရယ်တဲ့မှာခဲ့မယ်၊ ပန်းပင်ကို လူမဆွတ်စေနဲ့ ကွယ်၊ ကိုင်းညွှတ်တတ်တယ်"

"ရှင်မင်းဆွေရေ ကိုယောဖြင့် မင်းသဘောအတိုင်း သွားရတော့မယ်၊ စိတ်ချပါရစေကွယ်၊ ကျူပ်မရှိပကောလို့ မေတ္တာတော် သွေစောင်းပြီး စိတ်ပြောင်းလို့ မသွားပါနဲ့။ ညီကြီးကလည်း တစ်ဖက်မို့ သွားရမှာတောင် စိတ်ပျက်ပျက်ပဲ၊ မင်းအတွက် ကြိုးစားရတာနော်၊ နောက်ခါတော့ 'ခဲလေသမျှ သဲရေကျ' ဖြစ်မသွားရအောင် မင်းစိတ်ကပဲ ကစားဦးတော့၊ သနားပါတယ်ဆိုတဲ့ သဘောကလေး ထားပါနော်"

"စိတ်ချပါ ရှင်၊ အနှစ်တစ်ရာစေ့သော်လည်း၊ မေတ္တာငွေ့မပျောက်ဘဲ၊ ဘယ်လောက်ပဲကြာကြာ မေတ္တာဆိုတဲ့ လှိုင်းကြီးစွာနဲ့ သစ္စာဆိုတဲ့ တံတိုင်းကြီးကာပြီး စောင့်စားနေရစ်ပါ့မယ်။ ကိုယောကသာ မြို့တော်ကြီး ရောက်လို့ ရွှေနန်းတော်ကြီးမှာ ဝင်ထွက်ခစားရတဲ့အခါကျမှ ရွှေထဘီ ဒရင့် ဗျာပါဆံတဝင့်ဝင့်နှင့် အနင့်သားလှကြတဲ့ မမတို့၊ မိမိတို့ဆိုတဲ့

mgyoe.com

mgyoe.com


နန်းတော် သူ အယဉ်ဆုံးတို့နဲ့ တပြုံးပြုံးမနောဖြူပြီး တောသူဖြစ်တဲ့ ဒီက မင်းဆွေကို အပျင်းပြေမှ စိတ်ကူးရတော့မှာ မဟုတ်ဘူး ထင်ပါရဲ့" ဟု မျက်ရည်ကလေး တလည်လည်နှင့် ပြန်ပြောလေ၏။

မောင်ယောမှာလည်း မင်းဆွေ၏ ကျောကလေးကို အသာအယာ သပ်ပေးရင်း ကျုပ်ဒီလို ဖောက်ပြားမယ့် ယောကျ်ားမျိုးမဟုတ်ပါဘူး ကွယ်၊ ဒီလိုဟာတွေကို ခေါင်းတွေးပြီး မအေးအောင် စိတ်ညစ်လို့တော့ မနေပါနဲ့၊ စိတ်ချပြီး အေးအေးကြီးနေရစ်ပါ။ ရွာထဲက အကောင်တွေနဲ့တော့ တယ်ပြီးခေါ်ခေါ်ပြောပြော မလုပ်လေနဲ့၊ အိမ်ထဲမှာကုပ်ပြီး နေပါကွယ်။ အလည်အပတ် အသွားအလာလည်း မရှိရဘဲ သတိဝီရိယနှင့် နေရစ်နော်" ဟု အထပ်ထပ်မှာကြားပြီးလျှင် 'ကိုင်း... ကိုယော သွားတော့ မယ်နော်၊ မနက်လင်းအားကြီး လှည်းထွက်ရလိမ့်မယ်' ပြောကာ မင်းဆွေ၏ လက်ကလေးကို ကိုင်ထားရာမှ မလွှတ်သေးဘဲ ခွဲရမှာ အခက်သားမို့ မျက်နှာထားအိုအိုနှင့် ငိုမလိုမဲ့၍ လာသဖြင့် ကပျာကယာ စိတ်ကိုတင်း၍ထားပြီး 'ကဲ... သွားပြီကွယ်' ဟု ပြောကာ ချာခနဲ လှည့်ကာ သွားလေ၏။

မင်းဆွေလည်း မောင်ယောသွားရာသို့ မျက်တောင်မှျ မခတ်နိုင်ဘဲ ငေးလျက် အကြောင်သား ကျန်ရစ်ခဲ့လေ၏။ လှည့်ကြည့်လှည့်ကြည့်နှင့် သွား၍နေသော မောင်ယော၏ သဏ္ဌာန်သည်ကား ကြည်လင်သော လရောင်အောက်တွင် ထင်ရှားစွာမြင်ရပြီးနောက် တဖြည်းဖြည်း ဝေးသည်ထက် ဝေး၍ သွားသောအခါတွင် ဆီးနှင်းများဖုံး၍ လုံးလုံးကြီး ပျောက်ကွယ်သွားမှ ရုတ်တရက် သတိရကာ စီးကျလာသော မျက်ရည်များကို တစ်ဖက်သော အင်္ကျီလက်ဖြင့် သုတ်ရင်း မိမိအတွက်နှင့် သွားရသော မောင်ယောအား များစွာသနားမိသောအားဖြင့် ကိုယောသည် ယခု နေပြည်တော်ကြီးသို့ လိုက်သွားလေပြီ၊ မည်သည့်အခါမှ ပြန်လာမလဲဟု

mgyoe.com

mgyoe.com

ရှေးဦးစွာ တွေးတောနေမိလေ၏။ ဤသို့တွေးတောလိုက်သော အခါတွင် ကား မောင်ယော၏ သွားခြင်းသည် ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းနှင့် မည်သည့်အခါပြန်မည်ဟု အမှန်မပြောနိုင်သော သွားခြင်းဖြစ်သော ကြောင့် မင်းဆွေမှာ ကြီးလေးသော လွမ်းဆွတ်ခြင်းတို့သည် သမုဒ္ဒရာ လှိုင်းတံပိုးကဲ့သို့ ရုတ်တရက် ကြီးစွာပြင်းထန်၍ လာသောကြောင့် ရင်ကို ဖိလျက် မချိတရိုနှင့် စိတ်ကိုဖြေဖျောက်ကာ အိမ်နံရံကိုမှီကပ်နေစဉ် အရှေ့ ဆီမှ မောင်ညိုကြီး၏ ကျယ်လောင်စွာ သီဆို၍လာသော သီချင်းသံကို ကြားသဖြင့် တဲကလေးပေါ်သို့ ကပျာကယာပြေးတက်ကာ အိပ်ရာထဲသို့ ဝင်၍ စောင်ကို ခေါင်းမြီးခြုံကာ အိပ်ချင်ယောင်ဆောင်၍ နေလေ၏။

❐

mgyoe.com

mgyoe.com

# အခန်း ၄

နေ့ရက်တို့သည်ကား အချိန်စေ့လျှင် ကုန်၍သွားလေ၏။ ဤသို့အားဖြင့် တစ်နေ့တစ်နေ့နှင့် ၅ လကျော် ၆ လမျှကြာရှိသော်လည်း မင်းဆွေမှာ မေ့ပျောက်သည်မရှိဘဲ၊ မောင်ယောကိုသာ လွမ်းဆွတ်ခြင်းဖြင့် အချိန်ကုန်ရလေ၏။ သွားခါနီးတွင် အမြဲသတိရရန်ပေးထားခဲ့သော မောင်ယော၏ ပတ္တမြားလက်စွပ်ကလေးကိုလည်း သတိရသော အချိန်တိုင်း ကိုင်တွယ်ကြည့်ရသဖြင့် လက်စွပ်ကလေးမှာလည်း အထူးသဖြင့် ပြောင်လက်၍ အရောင်များထွက်ကာနေလေ၏။

'ကိုယော–ကိုယော ဒီအဖိုးတန်လက်စွပ်ကလေးများ ဘယ်က ရထားပါလိမ့်မလဲ၊ အင်မတန်ချစ်ရှာလွန်းလို့ ပေးခဲ့ရှာတာပဲ"ဟု စဉ်းစားကာ လက်စွပ်ကလေးကို လက်တွင်ဝတ်၍ ထားလေ၏။ မောင်ယောရှိစဉ်အခါက နေ့စဉ်လာ၍ လည်သဖြင့် အမြဲမပြတ်တွေ့နေရသောကြောင့် မထူးခြားလှသော်လည်း မောင်ယောမရှိသောအခါတွင်ကား မျက်နှာကလေးကိုလည်းကောင်း၊ အသံကလေးကို လည်းကောင်း များစွာ မြင်လို

mgyoe.com

mgyoe.com


ကြားလို၍သာနေလေ၏။ ငယ်စဉ်က ကစားနေကျဖြစ်သော ရွာထိပ် ညောင်ပင်ကြီးအောက်သို့လည်း တစ်ယောက်တည်း ထွက်ခွာသွားပြီးလျှင် ငယ်ငယ်က အရွယ်တူဖြစ်ကြသော ကလေးငယ်တို့နှင့် ပျော်ပါးစွာ ကစားမြူးထူးကြပုံများကိုလည်း မျက်စိထဲတွင် တရေးရေး တယောင်ယောင် ထင်မြင်ကာ နေတတ်လေ၏။ ဤအတွင်းမှာလည်း သူငယ်ချင်းဖြစ်ကြသော မောင်ညိုကြီးကို လုံးလုံးပင်မေ့၍နေလေ၏။ ယခင်က ၂ ရက်တစ်ခါ ၃ ရက်တစ်ခါ အလည်လာတတ်သော်လည်း ယခု မလာသည်မှာ ၅ လလောက်ရှိသဖြင့် မေးမည်ဟု ကြံဆဲတွင် အဆင်သင့် မောင်ညိုကြီးလည်း ရောက်လာလေ၏။

"ကိုညိုလည်း ခုမှပေါ်လာတော့တယ်၊ ဘယ်များသွားနေလို့လဲ"

"မင်းက သတိများရရဲ့ကို၊ ငါ ဘယ်မှမသွားပါဘူး၊ အဖေ မမာလို့ ပြုစုနေရတယ်၊ ဒီတောင်ကတော့ တက်နိုင်မယ် မထင်ပါဘူး၊ လူကြီးနာဆိုတော့ အခက်သားလား"

"အို... ဟုတ်ကဲ့လား၊ ကျွန်မဖြင့် သိတောင်မသိဘူး"

"တကယ်ဆိုတော့ အဖေသေသွားရင် သူကြီးရိုက်ရာကို ငါရမှာပဲ ကွယ့်"

"အဖေသေရင် သားသမီး ဆက်ခံရတာပေါ့ရှင်"

"ဒီလိုများ သူကြီးဖြစ်တဲ့အခါကျတော့ သူကြီးကတော် လှလှ ချောချောကလေးမှ ရွေးပြီးထားမယ်ကြံတယ်"

"ဟုတ်ပါရဲ့၊ သူကြီးမင်းဆိုတဲ့ နာမည်တစ်လုံးနဲ့ဆိုရင် ရွာထဲမှာ အလှဆုံးဆိုတဲ့ မိန်းမတစ်ယောက်ကို ခေါင်းခေါက်ပြီး ယူနိုင်ပါတယ်ရှင်"

"ရွာထဲမှာ အလှဆုံးကဖြင့် မင်းဆွေဆိုတဲ့ ကောင်မကလေးဟာ အလှဆုံးပါပဲ၊ ကဲ... ကနေ့ကစပြီး မင်းဆွေဟာ သူကြီးကတော်လောင်း ကလေးလို့ မှတ်ထားရမှာပဲ"

mgyoe.com

mgyoe.com


မင်းဆွေမှာ ညိုကြီးစကားကြောင့် ရုတ်တရက် အံ့အားများသင့်လျက် ကြည့်နေရာမှ မျက်နှာများ နီမြန်း၍လာပြီးလျှင် 'အို... ဘယ့်နှယ် ပြောတာလဲ၊ ကျွန်မကိုချစ်ရင် ဘယ်တော့မှ ဒီလို မကျီစားပါနဲ့၊ မကြိုက်ဘူး' ဟု ပြောကာ စိတ်ဆိုးမာန်ဆိုးနှင့် နေရာမှ ထ၍သွားလေ၏။

ဤနေ့မှစ၍ မင်းဆွေမှာ အနည်းငယ် စိတ်ညစ်စပြုလေ၏။ မောင်ယောကိုလည်း တိုး၍ သတိရလျက် လွမ်းရုံမျှမဟုတ်ဘဲ မိမိအတွက်လည်း တစ်ခါတစ်ရံ စိုးရိမ်မိလေ၏။ မောင်ညိုကြီးကား အရင်ကထက် တိုး၍လာလေ၏။ ညိုကြီး၏မျက်နှာကို မြင်တိုင်းလည်း အနေရကျပ်ကာ မောင်ယောအား အထူးသတိရလေ၏။ သို့သော် မောင်ညိုကြီးမှာ မင်းဆွေမကြိုက်သောစကားကို တစ်ခွန်းမျှ မပြောဘဲ အလိုက်အထိုက် စကားများကိုသာ ပြောသဖြင့် စိုးရိမ်ထိတ်လန့်ရခြင်းမှ အနည်းငယ် သက်သာလာရ၏။

ယင်းသို့နှင့်လည်း လပေါင်းအတော်ကြာသောအခါ မောင်ညိုကြီး၏ အဖေ သူကြီးရန်နိုင်သည် မလွန်ဆန်နိုင်သော သေရွာဘဝသို့ သွားရလေ၏။ မောင်ညိုကြီးမှာလည်း အဘ၏ ဈာပနကို အားထုတ် ဆောင်ရွက်၍ ရက်လည်သပိတ်များသွတ်ပြီးနောက် တစ်ရက် နှစ်ရက်မျှကြာလျှင်ပင် ရှင်မင်းဆွေတို့နေအိမ်သို့ ရောက်လာပြန်လေ၏။

မင်းဆွေမှာလည်း ဦးရန်နိုင် သေဆုံးပြီဖြစ်၍ ညိုကြီးမှာ မကြာမီ သူကြီးအရိုက်အရာကို ရတော့မည်ဖြစ်သောကြောင့် ပိမိကို မည်သို့သော စကားများ ထပ်မံပြောဦးမည်လဲဟု မောင်ညိုကြီး အဝေးမှလာနေစဉ်ကပင် စိုးရိမ်ထိတ်လန့်၍ နေလေ၏။

"မင်းဆွေရေ... အဖေတော့ဖြင့် သေပြီ၊ ငါလည်း မကြာခင် သူကြီး အရာခံဖို့ ရွှေမြို့တော်သွားပြီး တို့ရွာစားကြီးဆီ လျှောက်ရဦးမယ်"

"သြော်... သြော်... ရှင် ရွှေမြို့တော်ကို သွားမလို့လား၊ ဟိုမှာ

mgyoe.com

mgyoe.com


ကိုယောလည်းရှိတယ်၊ တွေ့အောင်ရှာပြီး ကျွန်မတို့ ကျန်းကျန်းမာမာ ရှိတဲ့အကြောင်း ပြောခဲ့ပါရှင်"

"အေး၊ တွေ့ရင် ပြောခဲ့တာပေါ့၊ ဒါပေမဲ့ မောင်ယောက ဟိုရောက်လို့ သွေးကြီးနေမှာပါ၊ တို့တွေ့တောင် ခေါ်ချင်မှာ မဟုတ်ဘူး"

"အို… ကိုယောက ဒီလိုသဘောမျိုး မထားတတ်ရှာပါဘူး၊ တွေ့အောင်သာ သွားတွေ့ပါ"

"ဒီလိုဖြင့် သွားတာပေါ့လေ၊ ဒါထက် ရွှေမြို့တော်ကြီး သွားတဲ့အခါကျတော့ မင်းလက်က လက်စွပ် ခဏငှားလိုက်စမ်းပါ၊ သူကြီးအရာခံလာတဲ့ သူက အရောင်အဝါမပါတော့ ရှက်စရာကြီး"

"အို… ဒီလက်စွပ်တော့ မငှားပါရစေနဲ့၊ ကျွန်မပစ္စည်းမဟုတ်ဘူး၊ သူများဟာ အပ်ထားတာပါ"

"အမယ် ငါ့ကိုမယုံလို့လား၊ စိတ်ချပါ၊ ငါ အပေါင်ပေးခဲ့ပါ့မယ်၊ ငါ့လက်စွပ် နှစ်ကွင်း၊ သုံးကွင်းနဲ့ လဲခဲ့ပါမယ်၊ အဲဒီလက်စွပ်က လှလွန်းလို့ပါ၊ မပျောက်စေရပါဘူး"

"ရှင့်ကို မယုံပါဘူး၊ သူများပစ္စည်း ယုံကြည်လို့ အပ်ထားတာမို့ပါ"

"ဘယ်သူ့ လက်စွပ်လဲ"

"အို… မသိချင်ပါနဲ့"

"မသိစေချင်လည်း မမေးပါဘူး၊ သွားတော့သာ ငှားလိုက်စမ်းပါ၊ မပျောက်ရပါဘူး"

"ဒါလောက်တောင် ဝတ်ချင်ရင်လည်း ငှားလိုက်ရတာပေါ့၊ ရှင့်ဆီက လက်စွပ် နှစ်ကွင်း၊ သုံးကွင်းလောက်လည်း ယူခဲ့၊ နေပြည်တော်က ပြန်ရင် ပြန်ခြင်း ကျွန်မကို ပြန်အပ်ရမယ်၊ ပြီးတော့ ကျွန်မ တစ်ခုမှာလိုက်မယ်၊ ကိုယောဆီသွားတဲ့အခါ ဒီလက်စွပ်ကို ဝတ်မသွားပါနဲ့၊ အဲဒါ အာမခံရလိမ့်မယ်၊ နို့မဟုတ်ရင် မငှားဘူး"

mgyoe.com

mgyoe.com


"အို... မဝတ်ပါဘူး၊ ငါကမောင်ယောဆီ သွားပြီး ကြွားဖို့ ငှားတာမှ မဟုတ်ဘဲ။ ခုချက်ချင်းလည်း မသွားပါဘူး၊ နောက် တစ်လလောက်ရှိမှ သွားဖြစ်လိမ့်မယ်၊ သွားတော့သာ ငှားဖြစ်အောင် ငှားလိုက်ပါ"

"ဟုတ်ကဲ့ သွားတော့ ငှားတာပေါ့"

လက်စွပ်ငှား၍ရသောအခါတွင်ကား၊ မောင်ညိုကြီးမှာ များစွာကျေနပ်လေ၏။ မိမိအကြံအောင်တော့မည်ဟူ၍လည်း များစွာ ဝမ်းမြောက်မိလေ၏။ သို့နှင့် မင်းဆွေကို နှုတ်ဆက်ကာ ထွက်လာပြီးလျှင် အိမ်သို့မပြန်သေးဘဲ ရွာဝသို့ထွက်လာခဲ့ရာ ဘိုးတုတ်ဆိုသူနှင့် အခန့်သင့်တွေ့သဖြင့် မောင်ညိုကြီးက 'ဟေ့ ဘိုးတုတ် မင်း ကျေးဇူး တစ်သက်မမေ့ဘူးကွ'

"ဘာလဲ ဆရာ အရင်းမရှိ အဖျားမရှိနဲ့ ထိုရ်များလာသလား"

"မထိုရ်ရသေးပါဘူးကွာ၊ အခုမှ ထန်းတောသွားမလို့ ထွက်လာခဲ့တာပါ။ မင်းပြောတာ အမှန်ပဲဟေ့၊ ဟိုလက်စွပ်ဟာ ငယော ပေးခဲ့တာပဲ။ ငါက မြို့သွားရင်ငှားပါလို့ မရမကပြောတော့ ကိုယောရှေ့မဝတ်ဘူးဆိုရင် ငှားမယ်တဲ့။ ငါလည်း မဝတ်ဘူးလို့ ပြောခဲ့တာပဲ ကောင်မကလေးနဲ့ ခွေးမသား 'ကျောင်းခွေး' ကြိုက်နေတာ ငါမရိပ်မိဘူး။ ရိုးရိုးပဲထင်နေတယ်။ မင်းပြောမှပဲ အကြောင်းသိရလို့ ကျေးဇူးတင်တယ်ကွာ။ လာကွာ မင်းကျေးဇူးလည်း ဆပ်ရအောင်"ဟု ပြောကာ ဘိုးတုတ်ကို ခေါ်၍ ထန်းတောထဲကို ဝင်သွားကြလေ၏။

❐

mgyoe.com

mgyoe.com

# အခန်း ၅

ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးနှင့်ပြည့်စုံသောသူအပေါင်းတို့သည် မည်မျှ ကြီးကျယ်သောအရာမဆို ပြုလုပ်က လွယ်ကူစွာနှင့် အောင်မြင်ထမြောက်ရသကဲ့သို့ မောင်ယောမှာလည်း ကုသိုလ်ကံကောင်း ထောက်မခြင်းအားဖြင့်တစ်ကြောင်း ပညာဉာဏ် အခြေခံရှိပြီးသူဖြစ်သောကြောင့်တစ်ကြောင်း၊ လုံ့လဝီရိယကြီးစွာထား၍ နာရီတော်မှူး မင်းဦးချိုသင်ကြားပြသဆုံးမသြဝါဒပေးသမျှ ကြိုးစားမှတ်သားခြင်း၊ ပိပြားငြိမ်သက်စွာ နေထိုင်ခြင်း၊ စေခိုင်းသော အမှုကိစ္စအားလုံးတို့ကို ပေါ့ပါးဖျတ်လတ်လျင်မြန်စွာ ဆောင်ရွက်ပေးခြင်း စသည်တို့ကြောင့် 'နာရီတော်မှူး' ဦးချိုမှာ မောင်ယောကို များစွာသဘောကျနှစ်သက်လျက် နဂို ပထမမြင်လျှင်မြင်ချင်း အကြောင်းမသိခင်ကပင် အလွန်ချစ်ခင်၍ သားအရင်းအသွင်မှတ်ထင်ခဲ့ရာမှ မောင်ယော၏ ချစ်ခင်ဖွယ်ကောင်းသော အမူအရာတို့ကြောင့် တိုးတက်ချစ်ခင်လာသည်နှင့် သားဟူသောအမှတ်ဖြင့်တစ်သက်ပတ်လုံး မွေးတော့မည်ဟု သန္နိဋ္ဌာန်ချထားပြီးလျှင် ရွှေနန်းတော်

mgyoe.com

mgyoe.com


ကြီးသို့ ထွက်ဝင်ခစားတိုင်းလည်း အပါးတော်သို့ခေါ်သွားပြီးလျှင် မောင်ယောသည် ပညာအရည်အချင်းနှင့် ပြည့်စုံသောသူငယ်ဖြစ်၍ မိမိမှာလည်း သားထောက်မြေးခံမရှိ၊ အိုမင်းသောအရွယ်သို့ ရောက်ပြီဖြစ်၍ အဖကဲ့သို့ပင် အရှင့်အမှုတော်ပြေကုန်အောင် ထမ်းရွက်နိုင်မည့် သားဟူသောအမှတ်ဖြင့် မွေးစားထားကြောင်း လျှောက်ထားရာ၊ ဘုရင်မင်းတရားကြီးကလည်း မောင်ယောအား အသိအမှတ်ပြုတော်မူ ပြီးဖြစ်သဖြင့် မောင်ယောမှာ 'နာရီတော်မှူး' မင်းဦးချို၏ ခြေရာကို နင်းနိုင်မည်ကား အမှန်ဖြစ်သောကြောင့် အချို့သော သူတို့ကပင် 'နာရီတော်မှူးလောင်းကလေး'ဟု ခေါ်ဆိုခြင်းကို ခံရလေ၏။

ဦးချိုမှာ သက်ရွယ်ကြီးရင့်သောကြောင့် တစ်ကြောင်း ငယ်စဉ်အခါက ရှမ်းပြည်ရှမ်းရွာများနှင့် ယောနယ်များမှာ အတန်ကြာနေဖူး၍ ငှက်ဖျားရောဂါလည်း အခံရှိသောကြောင့် ယခုအခါ ဦးချိုမှာ ကောင်းစွာမကျန်းမာသဖြင့် ဆရာကောင်းသမားကောင်းများနှင့် မောင်ယောကိုယ်တိုင် ပြုစုကုသ၍ နေရလေ၏။ ဦးချိုအသက်ထင်ရှားရှိစဉ်ကပင်လည်း 'နာရီတော်မှူး' အလုပ်ဝတ္တရားများကို မကျန်းမာသော အဖ၏အစား မောင်ယောက ဆောင်ရွက်လျက်နေရလေ၏။

တစ်နေ့သ၌ ဦးချိုအပါးတွင် မောင်ယောသည် ထိုင်၍နေရာမှ ယခင် မိမိလိုက်လာခဲ့သော ရွာစားကြီးသည် နောက်ပါ လူငယ်များနှင့် ရောက်လာသဖြင့် မောင်ယောမှာ ဆီးကြို၍ လောကွက်ပျူငှာ နေရာထိုင်ခင်းများ ပြင်ဆင်ပေးပြီးလျှင် ရွာစားနောက်ပါများကို ကြည့်ရှုခေါ်ငင်ရာ တစ်ယောက်မှာ မိမိတို့နေရပ်မှလာသော မောင်ညိုကြီးဖြစ်သောကြောင့် မင်းဆွေ၏အကြောင်းကလေးများ မေးမြန်းရမည့်အတွက် များစွာ ဝမ်းမြောက်လျက်။ 'အို... ကိုညိုပါလား ဘာကိစ္စရှိလို့ မြို့ကို လာခဲ့သလဲ၊ မင်းဆွေတို့ကော မာရဲ့လား...'

mgyoe.com

mgyoe.com


ကိုညိုကြီးသည် ဘယ်ဘက်လက်ဖြင့် နှုတ်ခမ်းကိုသပ်ရင်း 'မင်းဆွေတို့ မာကြပါရဲ့၊ ကျုပ်အဖေလည်း သေပြီ၊ ဒါကြောင့်မို့ သူကြီးအရာခံဖို့ လာခဲ့တာ၊ ကျုပ်သဘောကတော့ ဖြည်းဖြည်းဆေးဆေးလာမယ် ကြံတာပဲ မင်းဆွေက သွားပါတော့ သွားပါတော့လို့ ခဏခဏ နားပူတာနဲ့ အမြန်လာခဲ့ရတယ်' ဟု ပြောရင်း လက်စွပ်ပါသော လက်ကို မောင်ယောမမြင်မြင်အောင် ပြနေလေ၏။

"အနို့ ကျုပ်အကြောင်းကို ဘာပြောသေးသလဲ၊ ဘာမှ မမှာလိုက်ဘူးလား"

"မင်းနဲ့ တွေ့လိမ့်မယ်၊ ဘာများမှာဦးမလဲလို့တောင် မေးခဲ့ပါရဲ့၊ ဘာမှ မမှာတော့ဘူးတဲ့"

မောင်ယောသည် "သြော်..." ဟုဆိုကာ အစဉ်းစားခက်သဖြင့် ခေါင်းကို အနည်းငယ်ကုတ်ပြီးနေရာမှ ရုတ်တရက် မောင်ညိုကြီးလက်မှ လက်စွပ်ကို မြင်သဖြင့် မိမိခေါင်းကို မိုးကြိုးပစ်လိုက်သည့်အလား တစ်ကိုယ်လုံးမှာလည်း သွေးကြောများ ရပ်စဲ၍ သွားသကဲ့သို့ ဖြစ်သွားပြီးနောက် အနိုင်နိုင် ကြိုးစား၍ တင်းပြီးလျှင် "အမယ် ကိုညို လက်စွပ်ကလေး လှလိုက်တာ၊ ပြစမ်းဗျာ" ဟု ဆို၍ ယူကြည့်လျက်နေရာ...

"တယ်မကောင်းပါဘူးဗျာ၊ ဒါပေမဲ့ ကိုယ်ချစ်တဲ့လူက ကြည်ကြည်ဖြူဖြူ ပေးထားလေတော့ ပေးတဲ့သူ ဝမ်းသာပါစေတော့လို့ ဝတ်ထားရတာပါ"

"သြော်... ဟုတ်ကဲ့လား၊ ကိုညိုက ချစ်တဲ့သူတွေနဲ့ပါကလား၊ ဘယ်သူလဲ၊ ကျုပ်တော့ ပြောဖို့ကောင်းပါတယ်၊ မသိရဘူးလား"

"အို... သူငယ်ချင်းတော့ ပြောမှာပေါ့၊ သူများလည်း သွားမပြောလိုက်နဲ့ဦး၊ တခြားသူ မဟုတ်ပါဘူး၊ ကျုပ်တို့ သူငယ်ချင်းမကလေး ရှင်မင်းဆွေပေါ့"

mgyoe.com

mgyoe.com


ဤစကားထက် သေချာရန် မရှိတော့သဖြင့် မောင်ယောမှာ နောက်ထပ်၍ မမေးတော့ဘဲ 'ကောင်းပါရဲ့' ဟူ၍သာ ပြန်လှန်၍ ပြော ရသော်လည်း မျက်နှာတွင်ကား အသပြာတစ်သိန်းရှုံးသော ကုန်သည် ယောကျ်ားကဲ့သို့ ဟန်ဆောင်၍ မရနိုင်အောင် ရှိလေ၏။ အတန်ကြာလျှင် ရှာစားကြီးလည်း ဦးချိုကို နှုတ်ခွန်းဆက်သ၍ အပြင်သို့ ထွက်လာသဖြင့် မောင်ယောလည်း ရှာစားကြီးနောက်မှ ပါလာခဲ့လေ၏။

ရှာစားကြီးက 'မောင်ယောရယ် ဦးချိုကို ဂရုစိုက်ပြီး ပြုစုပါကွယ်၊ မင်းကိုတော့ သားအရင်းလိုချစ်ခင်ရှာပါတယ်၊ မင်းကလည်း မွေးသဖခင် အရင်းလို သဘောထားပြီး ကြိုးစားပြီး ဂရုစိုက်နော်'

"မှန်လှပါ၊ အထူးဂရုစိုက်ပြီး ကုသနေပါတယ် ဘုရား"

"အေးအေး... သာဓု၊ သာဓု၊ ကိုင်း... ငါသွားတော့မယ်" ပြောကာ ရှာစားကြီးနှင့် နောက်ပါ မောင်ညိုကြီးတို့ လူတစ်စုလည်း ပြန်သွားကြ လေ၏။

၎င်းတို့ ပြန်သွားကြသောအခါတွင်ကား မောင်ယောမှာ မင်းဆွေ အတွက် ရတက်ဆူပွား ဗျာပါများရာမှ မတားဆီးနိုင်သော ဒေါသများ ကလည်း တစ်ခါတစ်ခါ ဟုန်းခနဲ ဟုန်းခနဲ ပေါ်၍လာသဖြင့် အနိုင်နိုင် ချိုးနှိမ်ထားရလေ၏။ တစ်ဖန်လည်း မိမိအား ချစ်ယောင်ခင်ယောင် မာယာဆောင်ပြီး ကြောင်တောင်လှည့်ကာ ရွှေမြို့တော်ကို လွှတ်လိုက်ပြီး၊ သူကတော့ ညိုကြီးဘက်သို့ပါလေပြီ။ အမြတ်တနိုးပေးခဲ့သော ပတ္တမြား လက်စွပ်ကိုလည်း ပေးသူကိုမျှ အားမနာ သဒ္ဒါတရားကြီးစွာနှင့် ညိုကြီး သို့ ပေးရက်လေသည်။ မင်းဆွေ... မင်းဆွေ...၊ အဆင်းလှသလောက် သစ္စာမဲ့တဲ့ မိန်းမပဲ။ သွားခါနီး အခါကများ တစ်ဖက်သားအနားက မခွာနိုင်အောင် သနားစရာတွေ၊ လွမ်းစရာတွေ ပြောလိုက်သည်။ အနှစ် တစ်သောင်းစေ့သော်လည်း အချစ်ပျောင်းမမေ့ပါဘူး၊ မေတ္တာရံဝိုင်းတဲ့

mgyoe.com

mgyoe.com


သစ္စာတံတိုင်းကြီး ကာနေရစ်ပါမယ်လေးနဲ့ ယုံလောက်အောင် အပြော ကြွားပြီး သဘောသေးနုတ်တဲ့ မိန်းမယုတ်မကလေးပါလား။ တန် တန်... ဒင်းအကြောင်း မစဉ်းစားဘူး။ ကနေ့ကစပြီး မေ့ပြစ်လိုက်ပါတော့ မည်ဟု စိတ်ကို ဖြေသော်လည်း မိမိက မေတ္တာစစ် မေတ္တာမှန်နှင့် ဖွဲ့ သန်သန်ကြီးထားပြီး 'ကြိုးကြိုးစားစား' ခဲလေသမျှ သဲရေကျ ဖြစ်ရလေ ခြင်းဟု ယူကြုံးမရ ဖြစ်ရလေ၏။

တစ်ခါတစ်ရံလည်း မိမိက များစွာချစ်ပါလျက် ရက်စက်စွာ လှည့်စားပြီး ဝေးလံသော တစ်မြို့တစ်ရွာသို့ သွားပါလေး၊ လူပုံပေါ်မှာ ထင်ရှားအောင် ကြိုးစားပါလေးနဲ့ မဝေး ဝေးအောင် တစ်ပတ်ရိုက် လွှတ် လိုက်လေခြင်းဟု ဒေါသဖြစ်ကာ ယခုချက်ချင်းပင် သွား၍သတ်လို သဖြင့် ဓားလွယ်ကိုထ၍ ကိုင်မိလေ၏။ သို့သော် အဘရင်းကဲ့သို့ ကျေးဇူးများလှသော ဦးချိုကို သွား၍ သတိရမိသဖြင့် 'ဟဲ့ ငယော မမိုက်နဲ့၊ မိန်းမတစ်ယောက်အတွက်နဲ့ ဒါလောက်တောင် ဖြစ်ရသလား၊ မိန်းမတွေရှားလွန်းလို့၊ တောကြိုတောင်ကြားက အလကားမိန်းမတစ် ယောက်ကို ဒါလောက် ဂရုမစိုက်ပါနဲ့' ဟု မိမိစိတ်ကို ဆုံးမ၍ တရားချ ကာနေစဉ်အတွင်းမှ 'နာရီတော်မှူး' မင်းဦးချိုက ခေါ်သဖြင့် ထသွားလေ ၏။

"လာပါဦး ငါ့သားရယ်၊ ဘဘ တစ်ခုမှာချင်လို့"

"ဘာပြောမလဲ ဘဘ၊ တော်တော် သက်သာပါရဲ့လား"

"အင်း... ကနေ့ နည်းနည်းသက်သာပါရဲ့၊ ဘဘ ယနေ့ မြတ်စွာ ဘုရားထံမှာ ရှိခိုးဝန်ခံထားတာ တစ်ခုရှိတယ်၊ တပည့်တော် ဤဝေဒနာ မှ သက်သာပျောက်ကင်းပါလျှင် ဝတ်ကြောင်ကိုပယ်သန်း၍ ရဟန်းပြု ပါမည်လို့ မိဋ္ဌာန်လိုက်တယ်၊ ဒါကြောင့် တကယ်လို့ ရောဂါပျောက်ကင်း ပြီး ကျန်းမာလာလို့ ရဟန်းဘဝရောက်သည်ဖြစ်စေ၊ ဒီဝေဒနာနဲ့ပဲ

mgyoe.com

mgyoe.com


သေရသည်ဖြစ်စေ၊ ဘဘအတွက် ဆောင်ရွက်စရာရှိသည့် ကိစ္စကလေး တစ်ခုကို ငါ့သားအား မှာခဲ့ချင်တယ်"

"မှာပါ၊ ဘဘအတွက်ဆိုရင် အသက်နဲ့လဲပြီး ဆောင်ရွက်ပါမယ်"

"အရင် ဘဘငယ်စဉ်က ယောနယ်စပ်ကို ရောက်သွားဖူးတယ်၊ အဲဒီယောရွာက ယောသူကလေးတစ်ယောက်နဲ့ ချစ်ခင်ပြီးနေတာ သူ့မိဘများကလည်း သဘောမတူလို့ တစ်နေ့တော့ တိတ်တဆိတ် ထွက်ပြေးလာကြပြီး ချင်းရွာကလေး တစ်ရွာမှာ ဝင်ရောက်နေထိုင်ကြတယ်။ အဲဒီချင်းရွာကလေးမှာ လင်မယားနှစ်ယောက် ပျော်ပျော်ပါးပါး လုပ်ကိုင်စားသောက်နေကြရာ နှစ်နှစ်လောက်ရှိတော့ အဲဒီယောသူမကလေးမှာ သားကလေးတစ်ယောက် မွေးပါရော၊ ကလေး ခြောက်လသား အရွယ်လောက်ရှိတော့ တစ်နေ့မှာ ဘဘနဲ့ ယောသူမကလေးနဲ့ လင်မယား စကားကတောက်ကဆတ်များကြတယ်။ အဲဒီလို စကားများရာက ဘဘလည်း စိတ်တော်တော်ဆိုးလာပြီး နင့်ကို မပေါင်းနိုင်ဘူး၊ သွားဟဲ့ ဆိုပြီး ရိုက်နှက်လွှတ်လိုက်မိတယ်၊ ကောင်မကလေးလည်း စိတ်ဆိုးမာန်ဆိုးနဲ့ သားကလေးပွေ့ချီပြီး ထွက်သွားတယ်၊ ဘဘ စိတ်ကတော့ သူ စိတ်ဆိုးတုန်းမို့ သွားတာပဲ၊ ပြီးတော့ ပြန်လာလိမ့်မယ်ထင်တာကိုး၊ သူကတော့ ပြန်မလာတော့ဘူး။ ဘဘလည်း ငါးလ၊ ခြောက်လလောက် စောင့်ပါသေးရဲ့။ နောက်တော့ သူ့မိဘများက ပြန်ခေါ်သွားသလိုလို ကြားတာနဲ့ ဘဘလည်း စိတ်ပျက်ပြီး ပြန်လာခဲ့တယ်။ ကလေးအမေတော့ ရှိမလား မရှိဘူးလား မပြောတတ်ဘူး၊ သားကလေး သက်ဆိုးရှည်လို့ ရှိရင်ဖြင့် မင်းတို့အရွယ်လောက် ရှိရော့မယ်။ ကလေးလက်ကောက်ဝတ်မှာတော့ ဘဘ အမြဲဝတ်တဲ့ လက်စွပ်ကလေးတစ်ခု ခမည်းပေးထားလို့ ချည်ရက်သား ပါသွားတယ်။ အဲဒီကလေးကို ငါ့သား တွေ့အောင်ရှာဖွေစုံစမ်းပြီး မင်းညီ အရင်းကလေးများလို သဘောထားပြီး စောင့်ရှောက်ထားလိုက်

mgyoe.com

mgyoe.com

ပါနော်"

"စိတ်ချပါ ဘဘ၊ မတွေ့ တွေ့အောင်စုံစမ်းပါမယ်" ဟု မောင်ယောက ဝန်ခံသဖြင့် 'နာရီတော်မှူး' ဦးချိုမှာ များစွာ ဝမ်းမြောက် ရှာလျက် မျက်နှာများ ပြုံးရွှင်စွာနေသည်ကို မောင်ယောမှာ များစွာ အားရ မိလေ၏။

□

mgyoe.com

mgyoe.com

# အခန်း ၆

ရှင်မင်းဆွေသည် ရွာပြင်ရှိ စမ်းတွင်းကလေးမှ ရေမှုတ်ငယ်တစ်ခုနှင့် မိမိအိုးထဲသို့ တစ်မှုတ်ပြီးတစ်မှုတ် လေးလံပျင်းရိစွာ ခပ်၍ထည့်လျက် မျက်နှာတွင်းကား ငေးမော၍ စိတ်တွင်ကား များစွာရှုပ်လျက် တစ်ချက်တစ်ချက်တွင်လည်း မျက်ရည်ကလေးများ လည်ကာနေလေ၏။ အမြဲအားဖြင့် မောင်ယောကို အောက်မေ့လွမ်းဆွတ်သည့်ပြင် မောင်ညိုကြီး ရွှေမြို့တော်မှ ပြန်လာလျှင် သူကြီးအရာကိုရပါက မိမိအား တိုးတက်ကြံစည်မည်ကို ရိပ်မိသည်က တစ်ဖုံ။ မောင်ယောသည် ညိုကြီးနှင့်တွေ့က မိမိငှားလိုက်မိသော လက်စွပ်ကို မတော်တဆ မြင်သွားလျှင် သူ့အား အထင်မှားကာ လုံးလုံးကြီး မုန်းရှာတော့မည်ဟု စိုးရိမ်မကင်းသည်က တစ်မျိုး မိခင် အမေအိုကြီးကလည်း ယခုအတောအတွင်း မကျန်းမမာ ဖြစ်နေသည့်အတွက် အကယ်၍ မိခင်သေဆုံးသွားပါက မိမိမှာ အားထားရာမရှိ။ သောင်ပြင်လွှတ်သော ခွေးကဲ့သို့ ပြေး၍ ခိုးကိုးစရာမမြင်။ အလဲတွင် ဖိမည်ဖြစ်သော မောင်ညိုကြီး၏ ရန်ကလည်း

mgyoe.com

mgyoe.com

တစ်မှောင့်မို့ ကြောင့်ကြခြင်း၊ စိုးရိမ်ခြင်း၊ ပူပင်ထိတ်လန့်ခြင်းတည်း ဟူသော စိတ်ပူစိတ်ရှုပ်တို့နှင့်သာ အချိန်ကုန်ဆုံး၍ နေရကာ၊ မင်းဆွေ၏ မျက်နှာတွင် အစဉ်သဖြင့် ညှိုးငယ်လျက် ရှေးအထက်က စိုပြည်ဝဖြိုးသော ကိုယ်ကလေးမှာလည်း ပိန်လှီခြောက်သွေ့၍ နေရှာလေ၏။ သို့နှင့်ပင် နေဝင်၍သွားသောကြောင့် ရေအိုးကိုရွက်ကာ ရွာဆီသို့ ပြန်ခဲ့လေ၏။

ဤအတောအတွင်းမှာပင် တိုးတက်၍ စိုးရိမ်ထိတ်လန့်ဖွယ်ဖြစ်သော သတင်းတစ်ခုကို ကြားရသဖြင့် မင်းဆွေနှင့်တကွ တစ်ရွာလုံးမှာ ထိတ်လန့်ကြောက်ရွံ့စွာ နေကြရလေ၏။ အကြောင်းမူကား နေပြည်တော်တွင် မြင်ကွန်းမင်းသားသည် ခမည်းတော်၏ ထီးနန်းကို သောင်းကျန်းပုန်ကန်ခြင်းအားဖြင့် တိုင်းသားပြည်သူ ရှင်လူရဟန်းတို့ ပရမ်းပတာ လွန်စွာချောက်ချားပြီး ကြောက်ပါးလီလီ ဖြစ်နေကြောင်းကို ကြားသိကြသောကြောင့်ပင် ဖြစ်လေ၏။

ဘုရင်မင်းမြတ်၏ ညီတော် အိမ်ရှေ့မင်းလည်း ၎င်းအရေးတွင် နတ်ရွာစံကြောင်း၊ အချို့သော မှူးမတ်များနှင့် မထင်ရှားသော လူများလည်း မြင်ကွန်းမင်းသား၏ တပည့်ငယ်သားများလက်ချက်နှင့် အသက်ဆုံးရှုံးရကြောင်းကိုလည်းကောင်း၊ မြင်ကွန်းမင်းသားမှာ အရေးတော်မလှ၍ ရေနန်းစကြာသင်္ဘောတော်ကြီးကို ကပ္ပိတန်မာလိန်တို့အား ဓားမိုးကာ ခြိမ်းခြောက်စီးနင်းပြီးလျှင် အင်္ဂလိပ်ပိုင်နယ်တွင်းသို့ ခိုဝင်သွားသော အကြောင်းများကိုလည်းကောင်း၊ နေပြည်တော်တွင်လည်း သားတော်မြင်ကွန်းမင်းဘက်မှ ပါဝင်၍ သူပုန်ထရန် အားပေးအားမြှောက် ပြုသူများကို စစ်ကြော၍ အပြစ်အလျောက် ကွပ်ညှပ်စီရင်လျက်ရှိရာ ပညာရှိ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သော စလေဆရာကြီး ဦးပုညကိုလည်း သားတော်ကို အချိန်အခါရွေး၍ ပေးမိသောကြောင့် ရာဇဝတ်တော်နှင့် မလွတ်ကင်းသဖြင့် ကွပ်ညှပ်စီရင်ခြင်းခံရကြောင်းများကို ကြားရသဖြင့် နေပြည်

mgyoe.com

mgyoe.com


တော်ကြီးမှာ မငြိမ်မသက်ရှိကြောင်း သိရသောကြောင့် ရွာသူရွာသားများ တို့မှာ နားတစွင့်စွင့်နှင့် နေကြရလေ၏။

ရှင်မင်းဆွေမှာကား မောင်ယောအတွက် များစွာ စိုးရိမ်ပူပင်မိလေ၏။ သို့ကြောင့် ဤသတင်းကို ကြားလျှင်ကြားချင်းပင် "ဘုရားသိကြားမလို့ ဘေးရန်မရှိ ချမ်းသာပါစေ၊ ဘေးမသီရန်မခဘဲ အေးမြပါစေ" စသည်ဖြင့် ပါးစပ်မှတတွတ်တွတ် ရွတ်ဆိုကာ ဆုတောင်း၍ နတ်ကောင်း နတ်မြတ်အပေါင်းတို့ကို တိုင်ကြား ပသ၍သာ နေရလေ၏။ မောင်ညိုကြီးသည် ဤသည့်အရေး အရှုပ်အထွေးတွင် ပါဝင်သွားပါက သူ့အတွက် တစ်တောလင်းပေတော့မည် ထင်သော်လည်း သူတစ်ထူး၏ အသက်တစ်ချောင်းကို သေစေရန်အတွက် မတောင့်တကောင်းသော အရာမျိုးဖြစ်သောကြောင့် ရှေ့သို့ ဆက်လက်မတွေးဝံ့နိုင်အောင် ရှိလေ၏။

ညိုကြီးလည်း ဘေးရန်မရှိဘဲ ရွှေမြို့တော်မှ ပြန်ရောက်လာပါလျှင် သူကြီးအရာကိုရက မရမက မိမိအား ကြံ၍ ယူတော့မည့်အကြောင်းကိုလည်း ကောင်းကောင်းကြီး ရိပ်မိသောကြောင့် ၎င်း၏ ပြန်လာခြင်းကိုလည်း အလိုမရှိဘဲ နေလေ၏။ မိမိချစ်သူ မောင်ယောအကြောင်းကိုလည်း များစွာ သိလိုလှပေ၏။ ယင်းသို့ကြောင့် မောင်ညိုကြီး ပြန်လာလျှင် မောင်ယော၏ အကြောင်းတစ်မျိုးအားဖြင့် ကြားရပေလိမ့်မည်ဟူသော မျှော်လင့်ချက်တစ်ခုကို ရပြန်သဖြင့် တစ်ခုသောအကြောင်း ကြောင့် မောင်ညိုကြီး ပြန်မလာစေလိုသော်လည်း၊ တစ်မျိုးသော အကြောင်း ကြောင့် မောင်ညိုကြီးကို အမြန်ပြန်လာပါစေဟု တောင်းတမိပေ၏။

ထိုကဲ့သို့ပင်လျှင် နေ့ရက်များ အတော်ကူးပြောင်းသည့်တိုင်အောင် စောင့်စားမျှော်လင့်၍နေသော်လည်း မောင်ညိုကြီးမှာ ဤသည့် ရက် အတွင်း၌ ပြန်မလာသေးဘဲ ရှိလေ၏။

mgyoe.com

mgyoe.com


မိခင် အမေအိုကြီးမှာလည်း ရောဂါသက်သာသည်မရှိဘဲ တိုးတက်လျက်သာ ရှိနေသဖြင့် သေဖို့ရာအချိန်မှာ နေ့လိုလို ညလိုလိုနှင့် ပင် အတော်ရက်များ၍လာခဲ့လေ၏။ သို့သော်လည်း အမေအို၏ ဝေဒနာ မှာ သက်သာရန်ကား မျှော်လင့်စရာမရှိတော့သဖြင့် ဤလ မသေသော် လည်း ရှေ့လလောက်တွင် သေမည်ကား အမှန်မုချဖြစ်သောကြောင့် ရှင်မင်းဆွေမှာ တစ်ပူပေါ်တွင် နှစ်ပူထပ်လျက် မရပ်တည်နိုင်အောင်ပင် ရှိရှာလေ၏။

လူမမာဖြစ်သော အမေအိုမှာ တစ်ကောင်ကြွက် တစ်မျက်နှာနှင့် အားကိုးရာမရှိသော သမီးကလေးအား မခွဲရက်နိုင်သကဲ့သို့ နေ့ရက်ကို အချိန်ဆွဲကာ အသက်ကို မျှိုသိပ် အောင့်အည်းထားသကဲ့သို့ မှတ်ထင်ရ လေ၏။

မင်းဆွေကို သနားကြသော ရွာသူရွာသားတို့မှာလည်း အမေအို လူမမာအား ရှိသမျှ ဆေးသမားတို့ဖြင့် တတ်အားသမျှ ဝိုင်းဝန်းပြုစု၍ ကုသစောင့်ရှောက်လျက် ရှင်မင်းဆွေကိုလည်း အားမငယ်ရန် ချော့မော့ ကာ နေကြလေ၏။

❒

mgyoe.com

mgyoe.com

# အခန်း ၇

နေ့ရက်များ မကြာမီပင် မောင်ညိုကြီးသည် ပြန်ရောက်လာလေ၏။ မင်းဆွေသည်ကား ကြားလျှင်ကြားချင်း မောင်ညိုကြီးလာမည်ကို မျှော်လင့်ကာ မောင်ယော၏အကြောင်း ကောင်းသော သတင်းစကားကိုသာ ကြားပါရစေဟု ဆုတောင်းလျက် နေလေ၏။ ဤအတွင်းမှာပင် မောင်ညိုကြီးပေါက်လာ၍ 'သြော်... မင်းဆွေ မာရဲ့နော်၊ အနို့ အမေကြီး မမာဘူးဆို၊ ငါလည်း ဟိုမှာမငြိမ်မသက်ဖြစ်နေတာနဲ့ ရက်အတော် ကြာသွားတယ်။ မင်းလက်စွပ်ကလေးလည်း ဟောဒီမှာ ပါလာတယ်' ဟု ပြောကာ လက်စွပ်ကို မင်းဆွေသို့ လှမ်းပေးလိုက်လေ၏။

"အနို့... ကိုယောနဲ့ တွေ့ခဲ့ရဲ့လား"

"အမယ်လေး၊ တွေ့တော့ တွေ့ပါရဲ့၊ ငါ့ကို အဖက်လုပ်ပြီးတောင် မခေါ်ပါဘူး၊ စိတ်နေစိတ်ထား အတော်ပြောင်းနေတယ်။ 'နာရီခေါင်း' ဆိုလား 'နာရီမှူး' ဆိုလား ဖြစ်နေတာကိုး"

"အိုး... နာရီတော်မှူး ဖြစ်နေပတဲ့လား။ ကျွန်မတို့ကိုကော မေးရဲ့

mgyoe.com

mgyoe.com


လား"

ညိုကြီး မေးငေါ့၍။ 'အို... မေးဖို့များဝေးပါသေးရဲ့။ မင်းက မှာလိုက်တာပြောတာတောင်မှ တယ် မကြားသလို လုပ်နေတယ်။ ဝိဒုဟရာဇ်ပုတ်သင်လို အင်မတန် သွေးပြောင်းတဲ့ အကောင်ပဲ။ 'ခွေးရူး ဘုန်းကြီးတစ်ပြလောက်၊ လူမင်းဘုန်းကြီး တစ်ခဏလောက်' ဆိုတာလို သူ့အကြောင်း နောက်ထပ် ကြားခဲ့ရတော့ သူငယ်ချင်းမို့ နည်းနည်းတော့ သနားခဲ့ပါရဲ့"

(မင်းဆွေမျက်နှာကလေးပျက်ကာ) 'ပြောစမ်းပါဦး ဘယ့်နှယ် ကြားခဲ့လို့လဲ'

"မြင်ကွန်းမင်းသားအရေးတော်မှာ မသက်ာလို့ အသတ်ခံရသတဲ့..." ဟု ကြားသည်နှင့်တစ်ပြိုင်တည်း မင်းဆွေမှာ ဟန်မလုပ်နိုင်ဘဲ 'အို' ဟု ဆိုကာ မိုက်ခနဲ ဖြစ်သွားလေ၏။ အတန်ကြာမှ သတိရ၍ အနည်းငယ်ရှက်သောကြောင့် ဟန်လုပ်ကာ 'ကျွန်မ မူးသွားတယ် ကိုညိုကြီးရဲ့၊ အခုတလော ဒီလိုပဲ မူးတတ်တယ်။ ဒါနဲ့ ပြောပါဦး၊ ဘာအပြစ်ရှိလို့ သတ်တာတဲ့လဲ၊ မသက်ာရုံနှင့်ပဲ သတ်ရသတဲ့လား...'

"အပြစ်ထင်ရှားလို့ သတ်တာပေါ့။ သူ့ကိုယ်သူ ဟုတ်လှပြီထင်ပြီး တောင်မသိ မြောက်မသိနဲ့ ဦးပုညဆိုတဲ့ စာရေးဆရာ ပညာရှိကြီးဆီကို ခဏခဏသွားလာဝင်ထွက် နေတာနဲ့ ဦးပုညသတ်တဲ့အခါ သူလည်း ကြံရာပါဆိုပြီး အဆစ်ပါသွားတာပေါ့"

"အို... ဖြစ်မှဖြစ်ရလေရှင်။ အနို့၊ ရှင်ကော ကိစ္စချောခဲ့ပလား"

"အေး... သူကြီးအရာ ရခဲ့ပါပြီ" ဟု ပြောကာ နှုတ်ဆက်၍ ပြန်သွားလေ၏။ မောင်ညိုကြီး ပြန်သွားလျှင် ရှင်မင်းဆွေမှာ အိမ်ခန်းကလေးထဲ ဝင်သွားပြီး အားရအောင် စိတ်ရှိတိုင်း ငိုကြွေးလျက် 'အို... ကိုယောရဲ့ မင်းဆွေကို လာကြည့်လှည့်ပါဦး၊ ကိုယောကို အားကိုးပြီး

mgyoe.com

mgyoe.com


အမျိုးမျိုး မျှော်လင့်နေတဲ့သူကို နည်းနည်းမှ မသနားဘူးလား၊ ကျွန်မ ဘယ်သူ့ကို အားကိုးရမလဲ' ဟု မောင်ယောကို အပြစ်တင်ကာ ငိုကြွေးရာမှ အနည်းငယ် စဉ်းစားကာ 'အင်း အစက မသွားချင်ပါဘူး မင်းဆွေရယ်။ မင်းခစား ယောကျ်ား ကမ်းနားသစ်ပင်ဆိုတာလို၊ အင်မတန် စိုးရိမ်စရာတွေ များပါတယ်လို့ အတန်တန် ငြင်းရှာသားပဲ။ မသွားမနေရအောင် ငါ့ကိုက ခိုင်းမိတာပါကလား။ ကိုယော... ကိုယော အမိုက်မမိမင်းဆွေကို အလို လိုက်လွန်းလို့ သေရတာပါပဲ'ဟု မိမိကြောင့် သေခြင်းမလှသေရရှာသည်ဆိုသော မောင်ယောအတွက် တစ်သက်တွင် မဖြေဖျောက်နိုင်အောင် ရှိရှာလေ၏။

သူကြီးမင်း မောင်ညိုကြီးသည်ကား ရေးကထက် အလာအရောက် များပြား၍လာလေ၏။ အရင်က မိမိထံသို့လာလျှင် မျက်နှာကို များစွာ ချို၍ထားသော်လည်း ယခု သူကြီးမင်းဘ၀သို့ ရောက်သောအခါတွင်ကား မျက်နှာကို တည်တည်နှင့် ခန့်ညားစွာ ထားပြီးလျှင် မိမိကိုယူရန် မကြာခဏ ခန့်ညားစွာလာ၍ ပြောတတ်သည်ဖြစ်ရာ၊ မင်းဆွေမှာ ကြောင်ကိုကြောက်သော ကြွက်ငယ်ကလေးကဲ့သို့ မပြေးသာမရှောင်သာဘဲ ရှိသည့်ပြင် သူ့လက်ခုပ်တွင်း၀ယ် ရေသဖွယ်ဆိုသကဲ့သို့ ဖြစ်နေသဖြင့် သူကြီးမင်း စိတ်မဆိုးရအောင် အမျိုးမျိုးချော့ကာ အမေအို မကျန်းမာသေးသဖြင့် ဖြည်းဖြည်းမှ ယူပါမည်ဟု အချိန်ဆွဲ၍ထားရလေ၏။

ဤသို့ပင် အချိန်ဆွဲကာ ထားရသော်လည်း ရှင်မင်းဆွေမှာ မည်သည့်နည်းနှင့်မျှ မယူနိုင်အောင် ရှိလေ၏။ မောင်ယောသည် မိမိအားမချစ်၍ အသစ်နှင့် ပျော်ပါးနေလျှင်ကား အားကျမခံဆိုသော သဘောမျိုးနှင့် မောင်ညိုကြီးအား ယူမည်ဆိုက ယူနိုင်မည်ဖြစ်သော်လည်း ယခု မောင်ယောမှာ မိမိကို သစ္စာမဖျက်ဘဲ အသက်နှင့်လဲကာ ချစ်သွားသူ မှန်သည့်အပြင် မိမိက စေခိုင်းမိသောကြောင့် ရွှေမြို့တော်ကို

mgyoe.com

mgyoe.com


သွား၍နေရသဖြင့် ဤကဲ့သို့ အသတ်ခံရသည်မှာလည်း မိမိပယောဂ မကင်းသည်နှင့် မောင်ယော၏ မျက်နှာကိုသာ တရေးရေး ထင်မြင်ကာ နေသဖြင့် မောင်ညိုကြီးကို မဆိုထားနှင့် မိုးပေါ်က သိကြားကိုပင် လက်မခံချင်သော စိတ်သာလျှင် ရှိလေ၏။ သို့နှင့်ပင် စိတ်ညစ်စရာ အမျိုးမျိုးတို့က တစ်မျိုးပြီးတစ်မျိုးသာ ဆင့်ကာဆင့်ကာ ပေါ်လာရသဖြင့် ရှင်မင်းဆွေမှာ ဤလူ့ပြည်တွင် ကြာရှည်စွာ နေပါလျှင် တိုး၍သာ ဒုက္ခ များတော့မည်။ အမြန်သေလျှင် ဤဒုက္ခအပေါင်းတို့နှင့် ကောင်းကောင်း ကြီး လွတ်ကင်းတော့အံ့ဟု တွေးတောကာ တစ်ခါတစ်ရံလည်း မိမိကိုယ် ကိုပင် သတ်၍ သေချင်သောစိတ်များပေါ်ပေါက်၍ လာလေ၏။ သို့နှင့် လည်း မိမိအသက်ကို သတ်၍သေလျှင် နောင်သံသရာ ဘဝအဆက် ဆက်တို့မှာ တွေ့ကြုံရမည်ဖြစ်သော ဝဋ်ဆားကို တွေး၍ကြောက်လာပြီး လျှင် သေလုနီးပါး ဖြစ်နေရှာသော မိခင်အိုကြီးအတွက်ကလည်း ရှိသေး သဖြင့် မတွေးတောမဆုံးဖြတ်နိုင်အောင် ရှိရလေ၏။

ဤသို့နှင့်ပင် ကာလအတန်ကြာခဲ့သော် ရှင်မင်းဆွေ၏ မိခင်မှာ ထိုဝေဒနာမှ အထမမြောက်တော့ဘဲ သေမင်း၏ဘက်သို့ ပါသွားရရှာ လေ၏။ ယင်းသည့်အခါတွင်ကား ရှင်မင်းဆွေမှာ မှီခိုရာလုံးလုံး ကင်းမဲ့ ပြီဖြစ်သောကြောင့် အရူးမကလေးပမာ ဖြစ်၍ နေရရှာလေ၏။ သူကြီး မောင်ညိုကြီးသည်ကား ရွာသူရွာသားများကို အကျိုးအကြောင်း နားသွင်း ၍ မင်းဆွေကို အားကိုးရာမှ ရစေရန် မိမိက စောင့်ရှောက်ပါမည်ဟု ဝန်ခံသဖြင့် မင်းဆွေကို သနားကြသော ရွာသူရွာသားတို့ကလည်း အကြောင်းကို မသိသဖြင့် မောင်ညိုကြီးကိုယူရန် မင်းဆွေအား ဖျောင်းဖျ နားသွင်းကြကုန်၏။

ဤအခါတွင် အကျပ်အတည်း ကျနေပြီဖြစ်သောကြောင့် ရှင်မင်းဆွေမှာ ကြံရာမရနိုင်ဘဲ ရှိနေသဖြင့် ယခုအခါ အမေဆုံးပြီးတာ

mgyoe.com

mgyoe.com


မကြာသေးသဖြင့် တစ်လလောက် ဆိုင်းစေလိုကြောင်း တောင်းပန်၍ ထားရလေ၏။ မောင်ညိုကြီးသည်ကား နေ့ညမရှောင် မင်းဆွေထံသို့ သာလာ၍ နေတတ်လေရာ၊ မင်းဆွေသည် ဤရက်အတွင်းမှာ အမျိုးမျိုး အကြံထုတ်ကာ နေပါသော်လည်း အခြားသော လွတ်ရာလွတ်ကြောင်းကားမရှိ၊ အသက်ကို အသေခံရန်နှင့် စစ်ကိုင်းတောင်ရိုးတွင် သီလရှင်အလုပ်နှင့် တရားအားထုတ်ရန်သာ ရှိပေတော့၏။

သဒ္ဓါမဟုတ် ဘယာအရှုပ်ဖြင့် သီလရှင်လုပ်ရမည့် ဘဝကိုလည်း မနှစ်သက်နိုင်အောင် ရှိပြန်ရကား၊ တစ်မျိုးအားဖြင့် အကြံအိုက်ကာ အိမ်ပြတင်းကလေးဆီမှ မျှော်မှန်းကာ သာယာစွာ ထွန်းတောက်လျက် နေသော လရောင်ကို ကြည့်ရှုရင်း မိမိ၏ ဒုက္ခများကိုလည်း စဉ်းစားကာ ကွယ်လွန်သူ မိခင်နှင့် အသက်တမျှ ချစ်ခင်လှသော မောင်ယောကို သာ သတိရသဖြင့် စီးကျလာသော မျက်ရည်များကို သုတ်ရင်း လယ်ကွင်းပြင်ကြီးကို ရှုမျှော်လိုက်ရာ 'အသက်ကလေးရယ်တဲ့ ရှည်စေလို၊ မြနန္ဒာ ရွှေညိုကမ်းရယ်နဲ့ကွယ်၊ မန်းတောင်ရိပ်ခို။ ခေါင်းလောင်းသံ တချိုချိုနဲ့၊ ရွှေပဟိုရ် စည်သံကဟိန်းတယ်၊ ... ကွယ်... ဆော်... ရန်က ငြိမ်း' ဟူ၍ လယ်ကွင်းပြင်တစ်ဖက်မှ သာယာစွာ ဆွဲငင်သီဆိုလိုက်သော သီချင်းသံကလေးကို ထပ်ဆင့်၍ ကြားရပြန်သော ရှင်မင်းဆွေမှာ သာလွန် ဝမ်းနည်းကြေကွဲသဖြင့် စိတ်ရှိသလောက် အားရပါးရ ရှိုက်ကာ ရှိုက်ကာ ငိုကြွေးမိရှာလေ၏။

တစ်ဖန်လည်း ၎င်းသီချင်း၏ အဓိပ္ပာယ်ကို သွား၍တွေးတောမိပြန်ရာ မိမိငယ်စဉ်အခါကစ၍ ယခုတိုင် ကြားလိုမြင်လိုသော အာသာဆန္ဒကြီးလှသော ပဟိုရ်စည်တော်ကြီးကို ရုတ်တရက် သတိရမိပြန်သဖြင့် ပဟိုရ်သံဖြင့် တစ်ရံမစဲ အမြဲသာယာလှသော ရတနာပုံ နေပြည်တော်ကြီးကိုသာ သွားရောက်ခိုကိုးရလျှင် ဒုက္ခအပေါင်းတို့မှ ကင်းငြိမ်းစရာ ရှိတန်

mgyoe.com

mgyoe.com


ရဲ့ဟု တွေးတောမိပြန်လေ၏။ ယင်းသို့ တွေးမိသည်နှင့် တစ်ပြိုင်တည်း မိခင်၏ အစ်မတော် ဒေါ်ငြိမ်းအောင်ကို ပြေး၍ သတိရလေ၏။

"ဒွေးလေးငြိမ်း မလာတာလည်း ကြာလှပြီ၊ အမေဆုံးတာလည်း မသိဘူးထင်ပါရဲ့၊ ဩော်... ဘုရားမလို့ ဒီရက်ကလေး အတောအတွင်း များ ဒွေးလေးငြိမ်း ပြန်လာပါစေ' ဟု ဆုတောင်းမိရှာလေ၏။

နောက်တစ်နေ့တွင် ရှင်မင်းဆွေ တောင့်တသောအတိုင်း ကံအား လျော်စွာ ဒေါ်ငြိမ်းအောင်သည် ဘွားခနဲ ပေါ်လာလေ၏။ ဒေါ်ငြိမ်း အောင် ရောက်လာရခြင်းမှာ သူ၏ ညီမ သေဆုံးကြောင်းသတင်းကြား၍ ရောက်လာခြင်းဖြစ်လေ၏။ ထိုအခါတွင်ကား ရှင်မင်းဆွေမှာ များစွာ အားတက်ဝမ်းမြောက်ရရှာလေ၏။ မိခင်သေဆုံးသဖြင့် လုံးလုံးအားကိုး စရာမရှိဘဲ အတိဒုက္ခရောက်နေဆဲမှာ သူကြီးမောင်ညိုကြီးကိုလည်း မနှစ်သက်ဘဲနှင့် ယူရတော့မည် ဖြစ်သောကြောင့် ကြံရာမရရှိနေကြောင်း များကို ပြောပြသဖြင့် ဒေါ်ငြိမ်းအောင်မှာ 'အေး...၊ ငါ့တူမ မကြိုက်ရင် မယူဘဲနေတာပေါ့၊ ဒွေးလေးငြိမ်းနဲ့လိုက်ခဲ့ ကြားလား၊ ဒီမှာနေရင် ညိုကြီး ရန်က ရှိသေးတယ်၊ ဘာမှ အားမငယ်နဲ့' ဟု အားပေးစကား ပြောကြားပြီး လျှင် နောက်တစ်နေ့ပင် ရွှေမြို့တော်ကြီးသို့ ပြန်ရန်ပြင်ဆင်လျက် နေကြ လေ၏။

သူကြီးမောင်ညိုကြီးလည်း ဤအကြောင်းများကို ကြားသိရပါ သော်လည်း ဒေါ်ငြိမ်းအောင်မှာ မင်းပေါက်စိုးပေါက်သူ ဖြစ်ရကား၊ တစ်စုံ တစ်ရာမျှ နှောင့်ယှက်ကန့်ကွက် တားဆီးခြင်းမပြုဝံ့ဘဲ ရတနာလာဘ်ကြီး နှင့် လွဲရသဖြင့် အသည်းထဲအူထဲကပါ လှိုက်လှိုက်လှဲလှဲကြီး ဝမ်းနည်း ကျန်ရစ်ရှာလေ၏။

❐

mgyoe.com

mgyoe.com

## အခန်း ၈

'နှောင်... ဒိုင်း...' ဟူသော ပဟိုရ်သံကို နားအရသာခံလိုသော ရှင်မင်းဆွေသည် ယခုအခါ စလင်းစုဖုရားအဆောင်တော်တွင် ဒေါ်ငြိမ်းအောင်နှင့်အတူ ခစားကာ နေရလေ၏။ အရင်က ပဟိုရ်သံကို ကြားလျှင် စိတ်ချမ်းသာရာရလိမ့်မည်ဟု ထင်မြင်မိခဲ့ပါသော်လည်း ယခုအခါမှာ ပဟိုရ်သံကို ကြားရသော အချိန်တိုင်း၌ မောင်ယော၏ မျက်နှာသည် ကွက်ကာကွက်ကာ မိမိရှေ့တွင် ပေါ်လာရပြီး ရှေးကထက်ပင် တိုး၍ ပူဆွေးဝမ်းနည်းရရှာလေ၏။ အခြားအပျိုတော်ကလေးများကဲ့သို့ နန်းမှုနန်းဟန်ဖြင့် လှပတင့်တယ်စွာ ဝတ်စားဆင်ယင်ကာ ဖြီးလိမ်းပြင်ဆင်၍ နေရသော်လည်း မျက်နှာတွင်ကား အစဉ်သဖြင့် ညှိုးငယ်ဝမ်းနည်းလျက် လူရှင်းသောနေရာတစ်ခုသို့သွားကာ မှိုင်တွေ ငေးမော၍သာ နေတတ်လေ၏။

ဒေါ်ငြိမ်းအောင်သည်ကား တူမကလေးကိုသာ အရိပ်တကြည့်ကြည့်နှင့် စိတ်ပျော်ရွှင်အောင် ထားရှာလေ၏။ သို့နှင့်လည်း ညှိုးငယ်

mgyoe.com

mgyoe.com


ဝမ်းနည်းလျက်သာရှိသော ရှင်မင်းဆွေအား ချော့မော့ကာ 'ငါ့တူမရယ်... စိတ်မငယ်စမ်းပါနဲ့၊ ပျော်ပျော်ရွှင်ရွှင် နေစမ်းပါ၊ ဘာပြုလို့ မှိုင်မှိုင်ပြီး နေရတာလဲ၊ ဒီမှာ မပျော်ဘူးလား'

"မပျော်လို့ မဟုတ်ပါဘူး ဒွေးလေးငြိမ်းရယ်... ကျွန်မ စိတ် မချမ်းသာလွန်းလို့ပါ"

"မင်းအမေ အောက်မေ့လို့လား၊ ပြန်လာတော့မှာ မဟုတ်ပါဘူး သမီးရယ်... ဒီလိုပဲ တဖြည်းဖြည်း ဖြေမှပေါ့"

"အမေ့ကြောင့်လည်း တစ်မျိုးပါပဲ။ ပြီးတော့ ကျွန်မ ယူကျုံးမရ ဖြစ်နေတာတစ်ခုကြောင့် ခုလောက်တောင် စိတ်ညစ်နေရတာပါ"

"ပြောစမ်းပါဦး သမီးမှာ ဘာများစိတ်ညစ်စရာ ရှိသေးလို့လဲ"

ဤသို့မေးသဖြင့် ရှင်မင်းဆွေလည်း ငယ်စဉ်အခါကစ၍ မောင်ယောနှင့် ချစ်ခင်လာခဲ့ကြသောအကြောင်း၊ နာရိတော်မှူး အမှုထမ်း ဖြစ်အောင် မောင်ယောအား မိမိက နေပြည်တော်သို့ သွားရန်လွှတ်မိ ကြောင်း၊ ၎င်းနောက် မြင်ကွန်းမင်းသား အရေးတော်ပုံတွင် ဦးပုညနှင့် ကြုံရာပါဆို၍ ကွပ်မျက်သည်ကို ခံရကြောင်းများကို အစမှအဆုံး ဒေါ်ငြိမ်းအောင်အား ပြောပြလေ၏။

"အင်း... မင်းတို့အကြောင်းက ဒီမျှပါလာကြတာကိုး၊ ကဲ... ကဲ... မငိုပါနဲ့တော့ သမီးရယ်... ငိုနေလို့လည်း မထူးပါဘူး။ အနို့ ဒီအကြောင်း ကို ဘယ်ကကြားသလဲ"

"ကိုညိုကြီး ပြန်လာလို့ သူက ပြောတာနဲ့ သိရပါတယ်"

"အို... ညိုကြီးကပြောတာလား၊ ဒင်းစကား တယ်မယုံပါနဲ့၊ အမေ တို့မှာတော့ ရွှေနန်းတော် အနောက်ပိုင်းမှာ အမှုထမ်းရတာမို့ မင်း ယောကျ်ားများအကြောင်းကို တယ်ပြီး ဂရုမစိုက်မိဘူး။ ဦးပုည ရာဇဝတ် ရောက်တာတော့ အထင်အရှားမို့ သိပါရဲ့။ အဲ... အဲ မောင်ယောက

mgyoe.com

mgyoe.com


နာရီတော်မှူး ဖြစ်နေသတဲ့လား... အင်း... တယ်တော်တဲ့ သူငယ် ကလေးပဲ"

"နို့ အမေရယ် တစ်ဆိတ်လောက် ဟုတ်မဟုတ် စုံစမ်းပေးပါ လား...။ ကိုညိုကြီးကလည်း လိမ်ပြောတာလား မသိပါဘူး။ ကျွန်မဖြင့် သူ့စကားယုံပြီး အပုံကြီးပူနေပါတယ်"

"အေး စိတ်ချနေ အမေ စုံစမ်းပါဦးမယ်" ဟု ဒေါ်ငြိမ်းအောင်က အားပေးထားသဖြင့် ရှင်မင်းဆွေမှာ များစွာအားရဝမ်းသာရှိရှာလေ၏။

နောက်တစ်နေ့တွင် ဒေါ်ငြိမ်းအောင်သည် ရှင်မင်းဆွေရှိရာသို့ ပြေးလာပြီးလျှင် 'သမီး... ရေ မသေဘူးဟဲ့ နင့်ကို ညိုကြီးက လိမ်ထား တာ' ဟု အားရဝမ်းသာပြောသောအခါတွင်ကား ရှင်မင်းဆွေမှာ သေသူ သည် တစ်ဖန်ပြန်၍ ရှင်လာသကဲ့သို့ ဖြစ်သောကြောင့် မည်မျှဝမ်းမြောက် မည်ကိုကား။ စာအားဖြင့် ရေးသားခြင်းငှာ မတတ်နိုင်အောင် ရှိလေ၏။

"အို... ဟုတ်လား ဘယ်မှာတွေ့ခဲ့သလဲ ကျွန်မအကြောင်းကော မပြောခဲ့ဘူးလား..."

"ညည်းအကြောင်း ပြောဖို့ပဲ အကွက်မလည်ခဲ့သေးပါဘူး။ လာ... လာ... ဟောဟိုဥယျာဉ်ထဲမှာရှိတယ်" ဟု ပြောကာ မင်းဆွေ၏ လက်ကို ဆွဲ၍ ခေါ်သွားလေ၏။ တောင်ဥယျာဉ်တော်ထဲသို့ ရောက်လျှင် ရှင်မင်းဆွေသည် ပန်းရုံကွယ်တစ်ခုမှ ချောင်းမြောင်းကြည့်လိုက်ရာ ခန့်ညားထည်ဝါစွာ ဝတ်ဆင်ထားသော မောင်ယောကို မြင်ရသဖြင့် ရုတ်တရက် မမှတ်မိနိုင်ဘဲ အတန်ကြာ အကဲခတ်နေပြီး မျက်နှာကို အတော်ကြာကြည့်မှ မှတ်မိသဖြင့် ပုန်းကွယ်ရာတွင် တာရှည်မနေနိုင် တော့ဘဲ ကိုယောဟု ခေါ်ကာ... မောင်ယော၏ လက်ကို သွား၍ကိုင် လျက် ငိုမဲ့မဲ့မျက်နှာကလေးနှင့် ကြည့်ကာနေလေ၏။

မောင်ယောသည်ကား ရုတ်တရက်အံ့အားသင့်နေပြီးလျှင် မျက်နှာ

mgyoe.com

mgyoe.com


ကို ဣန္ဒြေကြီးစွာထားလျက် ကိုယ်ကို နောက်သို့တစ်လှမ်း နှစ်လှမ်းမျှ ဆုတ်၍ 'မလုပ်ပါနဲ့ သူကြီးကတော် ကျုပ်ကိုတစ်ခါက နှစ်ခါ ဒုက္ခမပေးပါနဲ့' ဟု ပြောလိုက်လေရာ...

မင်းဆွေမှာ မျက်ရည်လည်လျက် 'အို... ကိုယော ဘယ်နှယ့်ပြောတာလဲ သူများဖြင့် ဒုက္ခရောက်လိုက်ရတာ မပြောပါနဲ့တော့ အမေသေလို့ အားကိုးစရာမရှိတာနဲ့ ဒီကိုလိုက်လာခဲ့ရပါတယ်။ သူကတော့ မြင်လို့မှ အသိမလုပ် အဖက်မဟုတ်တဲ့ တောသူဆိုတဲ့အနေနဲ့ ရက်ရက်စက်စက်ကြီး နေနိုင်ပါပေရဲ့' ဟု ပြော၍မှ မဆုံးမီ ဝမ်းနည်းစွာ ရှိုက်ခါငိုလေ၏။ ယင်းသို့ ငွေကြေးလျှင်ပင် မောင်ယောမှာရှိသော ဒေါသစိတ်တို့မှာ ရုတ်တရက် ပြေပျောက်သွားပြီးလျှင်...

"မငိုပါနဲ့ မင်းဆွေရယ်။ ကိုယောက ရက်စက်တာ မဟုတ်ပါဘူး။ မင်းကသာ ရက်စက်စိမ်းကားတာပါ"

"ကျွန်မ ဘာများ ရက်စက်လို့တုံး"

"အို... မသိဘူး မှတ်လို့လား... ကိုညိုကြီးရဲ့ မယား သူကြီးကတော်ရဲ့"

"ရှင်... ဒီလိုကျွန်မကို အရမ်းမပြောပါနဲ့"

"အနို့ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး"

"ဟင်... အရင်သူလာတော့ ငါ့လက်စွပ်တောင် မင်းကပေးလို့ ဝတ်လာပါသေးကော"

"အဲဒါ ခဏငှားပါလို့ နားပူလွန်းလို့ ရိုးရိုးငှားလိုက်တာပါ။ ကိုယောမြင်သွားရင် တလွဲထင်မှာစိုးလို့ ရှင့်ရှေ့မှာတောင် မဝတ်ရဘူးလို့ မှာလိုက်ပါသေးတယ်"

"အနို့ ဟိုရောက်တော့ ကျုပ်အကြောင်း ဘာပြောသေးသလဲ"

mgyoe.com

mgyoe.com


"ကိုယောနဲ့ တွေ့ပါရဲ့တဲ့၊ သူ့ကိုတယ် အဖက်လုပ် မခေါ်ဘူးတဲ့။ ရှင်က စိတ်ကြီးဝင်နေသတဲ့။ သူ့ရွာပြန်ခါနီးတော့ ရှင့်ကိုမြင်ကွန်းအရေးတော်မှာ ကြံရာပါဆိုပြီး သတ်တယ်ပြောလို့ ကျွန်မဖြင့် ပူလိုက်ရတာ။ ဒီရောက်လို့ အတော်ကြာမှ ဒေါ်ငြိမ်းအောင်ကို ထပ်ပြီး စုံစမ်းခိုင်းတော့မှ မသေမှန်းသိရပါတယ်။ ကျွန်မကတော့ ဝမ်းသာအားရလိုက်လာလိုက်ရတာ။ သူကတော့ မျက်နှာထားဆိုးကြီးနှင့် ခြေနဲ့ဆီးပြီး ကန်လိုက်သလိုပဲ။ ရှင့်အိမ်က ဟာက ကြိမ်းမှာစိုးလို့လား ကဲ... ဒါဖြင့် ပြန်တော့မယ်"

"အို... ဘယ်ပြန်မှာလဲ၊ မပြန်ရဘူး"

"ဟင်... အင်း ပြန်တော့မယ်၊ ရှင့်မိန်းမကလာပြီး... အို ဖယ်ပါ ပြန်တော့မယ်"

"အို... ဘယ်က မိန်းမရှိရမှာလဲ၊ မဖယ်ဘူး" ဟု ဆိုကာ လက်ကို အတင်းဆွဲထားလေ၏။

"ရှင့် မိန်းမ မရှိသေးရင် နာရီတော်မှူး ဖြစ်ရင်ဖြစ်ချင်း ကျွန်မဆီ ဘာလို့ မလာသလဲ။ ဒီမိန်းမရနေလို့သာ မေ့နေတာပေါ့။ ရှင်ညာပေမဲ့ မယုံပါဘူး"

"ဘုရားစူးစေရဲ့၊ မိန်းမ မရှိပါဘူး။ မင်းဆီကို ချက်ချင်းမလာတာကတော့ ညီကြီးက ညာသွားလို့ အထင်မှားနေတာနဲ့ မလာတာဘဲ" ဟု ပြောကာ အလျင် မောင်ညီကြီး လိမ်လည်ပြောသောစကားများကို ပြန်ကြားပြောဆို၍ တစ်ဦးနှင့်တစ်ဦး အထူးကျေနပ်ပြီးလျှင် ကွေကွင်းခဲ့ရသော နှစ်လတို့ကို အတိုးချကာ ဝမ်းသာအားရပြောဆိုကြလေ၏။

အချိန်သည်ကား မည်မျှကုန်၍သွားသည်မသိ၊ ဥယျာဉ်တော်ရှိ ကျေးငှက်အပေါင်းတို့မှာ သောင်းသောင်းဖြဖြ သစ်ပင်ခွတွင် ကိုယ်စီကိုယ်င တိုးဝှေ့ကာ အိပ်တန်းကိုရှာကြသော နေဝင်ဖျိုးဖျအချိန်သို့ ရောက်လာလေ၏။ ဤသည်မှာ စကားပြောအနည်းငယ်ရပ်စဲ၍ သွားပြီး

mgyoe.com

mgyoe.com

လျှင် တောင်မြောက်လေးပါး လှည့်၍ကြည့်လိုက်ရာ၊ ဒေါ်ငြိမ်းအောင်သည် မိမိတို့ရှိရာသို့ လာနေကြောင်း သိရသဖြင့် ရှင်မင်းဆွေမှာ အနည်းငယ်ရှက်သောကြောင့် တစ်ဖက်ရှိ ပန်းပွင့်ကလေးများကို ခူး၍နေလေ၏။

မောင်ယောသည်ကား ဒေါ်ငြိမ်းအောင်ကို ဆီးကြိုကာ အရိုအသေပေးလျက် 'ဒီအရေးမှာဖြင့် ဒွေးလေးငြိမ်းကို အားကိုးပါရစေ။ ရှင်မင်းဆွေမှာ အဆောင်တော်က အပျိုတော်ဖြစ်နေလေတော့ ကျွန်တော့်မှာ ရတ်တရက် ပြောဝံ့မှာ မဟုတ်လို့ စိတ်ရှုပ်ဖို့ကောင်းနေပါတယ်' ဟု တောင်းပန်ပြောဆိုလေရာ။

"အို... ဒီကိစ္စမှာ ဒွေးလေးငြိမ်းတာဝန်ထားပါ၊ အစစအရာရာ အမြန်ဆုံး နေရာကျပါစေမယ်၊ ကိုင်း... အချိန်လည်းကုန်ပြီ၊ ပြန်ပေဦးတော့နော်" ဟု ပြောကာ လူချင်းခွဲ၍ သွားကြလေ၏။ 'နာရီတော်မှူး' ကလေး မောင်ယောမှာလည်း လောကတစ်ခွင်တွင် ပြောမပြချင်အောင် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ နေအိမ်သို့ ပြန်ရမှန်းမသိဘဲ ပြန်ခဲ့ရလေ၏။

❐

mgyoe.com

mgyoe.com

# အခန်း ၉

လောဟိတာတမွ၊ သောဠသ၊ ကဟာပဏာ၊ သတ္တင်္ဂုလုဗ္ဗေနှင့် မုခေမှာ နဝင်္ဂုံ၊ ထားမှုမှန်စွာ၊ ဆယ်နှစ်ရွယ် ကညာ၊ ဆံကေသာသွယ် ပျောင်း၊ ဆယ်ခြောက်ပင် ဝင်ရုံလှစ်ပါလို့၊ ခါနစ်လျှင် နာရီကြော့၊ တီးတော့ငွေမောင်း။

ဟူသော ရှေးရှေး သဖြန်သီချင်းကလေးကို သီဆိုလျက်နေရာမှ တစ်ဖက်တွင် ထိုင်လျက်နေသော ရှင်မင်းဆွေ၏ဘက်သို့လှည့်ကာ မိမိရဲ့ ဒီသီချင်းအနက်အဓိပ္ပာယ်ကို သိရဲ့လားဟု ပြုံးစိစိနဲ့ မေးလိုက်ရာ ရှင်မင်းဆွေကလည်း 'မှန်လှပါ၊ မောင်မောင် အမိန့်တော်ရှိမှ သိရမယ့် မိမိပါ ဘုရား' ဟု ပြန်ကြားလိုက်သဖြင့် နာရီတော်မှူးကလေး မောင်ယော မှာ သဘောကျလှသော မျက်နှာနှင့်...

'လောဟိတာတမွဆိုတာ ကြေးနီကိုဆိုလိုတယ်၊ သောဠသက ဟာပဏာမဆိုတာ တစ်ဆယ့်ခြောက်ကျပ်သားလို့ အဓိပ္ပာယ်ရတယ်၊ သတ္တခုနှစ်ခု အင်္ဂုလုဗ္ဗေကို အင်္ဂုလဥဗ္ဗေဟုဝုဒ်ဖြတ်၍၊ အင်္ဂုလလက်သစ်၊

mgyoe.com

mgyoe.com


ဥဗ္ဗေ–အမြင့်၊ အဓိပ္ပာယ်မှာ ကြေးနီ တစ်ဆယ့်ခြောက်ကျပ်သားကို အမြင့် အစောက်အားဖြင့် လက်ခုနှစ်သစ်ရှိသော ဖလားကို ပြုလုပ်တယ်လို့ ဆိုလိုတယ်။ မုခေ မျက်နှာနဝကိုးခု၊ အင်္ဂုလ လက်သစ်ဆိုတဲ့ အနက် ကြောင့် ၎င်းဖလားငယ်၏ မျက်နှာဝကို လက်ကိုးသစ် အမှန်လုပ်ရသည်။ ဆယ်နှစ်ရွယ်ကညာ၊ ဆံကေသာသွယ်ပျောင်း၊ ဆယ့်ခြောက်ပင် ဝင်ရုံလှစ်လို့ဟူသောစကား၌ ထိုဖလားငယ်၏ အလည်မှန်မှန်အောက် တည့်တည့်နေရာတွင် ဆယ်နှစ်ရွယ်သာရှိသော မိန်းကလေး၏ ဆံပင် တစ်ဆယ့်ခြောက်ပင် ပေါင်းစု၍ ဝင်နိုင်လောက်သော အပေါက်ကို ဖောက်ရမည်။ ဤကဲ့သို့ လုပ်ဆောင်ပြီးလျှင် ကြေးနီဖြစ်စေ၊ ကြေးဝါဖြစ် စေ၊ မျက်နှာအဝ အဆယ့်နှစ်လက်မခန့်၊ တစ်ပေရှိသော ဖလားကြီး၏ အတွင်းမှာ ရေပြည့်အောင်ထည့်၍ အပေါက်ပါသော ဖလားငယ်ကို ၎င်းဖလားကြီးတွင်းသို့ ချထားရမည်။ ထိုဖလားငယ်၏အပေါက်မှ ရေ များ တဖြည်းဖြည်း စိမ့်ဝင်သဖြင့် ဖလားကြီးအတွင်းသို့ ဖလားငယ် တစ်ခါနစ်မြုပ်လျှင် နစ်မြုပ်ခြင်း နာရီတစ်ကြိမ်ကျသော အမှတ်ဖြင့် မောင်းတစ်ကြိမ်တီးရတယ်။ အဲဒီမောင်းကို တစ်နာရီ (သို့မဟုတ်) တစ်ပဟိုရ်လို့ ခေါ်တယ် မိမိရဲ့"

"မိမိ ငယ်ငယ်ကတည်းက အင်မတန် သိချင်နေတာများ ယခု မောင်မောင်ပြောကြားလို့ သိရတဲ့အတွက် အလွန်ဝမ်းမြောက်ပါတယ်။ အနို့ ဒီဗဟိုရ်ကျတော့ မောင်မောင်ကိုယ်တိုင် တီးရသလား"

"မောင်ကိုယ်တိုင် မတီးရပါဘူး၊ မောင်မောင့်လက်အောက်မှာရှိ တဲ့ ပဟိုရ်အမှုထမ်းသားများက တီးရတယ်၊ အဲဒီနာရီတန်ဆောင်းမှာ စောင့်ရတဲ့ လူများနဲ့ ပဟိုရ်တီးရတဲ့ လူတွေအပေါ်မှာ မောင်မောင်က အုပ်ချုပ်ရတယ်။ မောင် ယခုလိုရတဲ့ 'နာရီတော်မှူး' ဆိုတာ တွေ့ကရာလူ ကို ခန့်ထားတာ မဟုတ်ဘူး မိမိရဲ့။ ဗေဒင်နဲ့ စပ်တဲ့ ပုဏ္ဏားပညာရှိ၊

mgyoe.com

mgyoe.com


မြန်မာပညာရှိ၊ မှူးတော်မတ်တော်များကိုသာ ခန့်ထားတော်မူမြဲ ဖြစ်တယ်။ မောင်မောင်မှာ ဒီအခြေရောက်အောင်ဟာ မွေးသဖခင်အရင်းလို ချစ်ခင်ရှာတဲ့ 'နာရီတော်မှူး' ကြီးဦးချို့ရဲ့ ဂုဏ်ကျေးဇူးကြောင့်ပဲလို့ အမြဲပဲ ရှိခိုးမိပါရဲ့" ဦးချိုရောက်လာသည်နှင့် မောင်ယောနှင့် ရှင်မင်းဆွေတို့မှာ ဝမ်းမြောက်ဝမ်းသာ ဆီးကြိုကာ ဆွမ်းများလုပ်ကျွေးကြလေ၏။

ဆွမ်းစားပြီးနောက် တောင်ရောက်မြောက်ရောက် စကားဦးလှည့်ရာကို ရယ်မောပြောဆိုနေကြစဉ်၊ အိမ်အောက်မှ ဘုန်းကြီးတစ်ပါး ကြွလာပြန်ကြောင်းပြောသဖြင့် အပေါ်သို့ပင့်ခဲ့ရန် မှာလိုက်သောကြောင့် ဘုန်းကြီးလည်း အပေါ်သို့ ကြွလာလေ၏။ နာရီတော်မှူးကလေး မောင်ယောသည် ဘုန်းတော်ကြီးကို မြင်လျှင်မြင်ချင်း ရွာမှ ဆရာရင်းဖြစ်နေ၍ ခြေတော်ကို ပြေး၍ဖက်လျက်၊ 'ကြွတော်မူပါဘုရား၊ တပည့်တော်လည်း ယောကိုသွားရင်း အရှင်ဘုရားဆီ လာမလို့ပဲ ဘုရား' ဟု ဝမ်းသာအားရ ပြောဆိုလေ၏။

ရွာမှ ဘုန်းတော်ကြီး ဦးညေယျက 'အေး...၊ ငါ့တပည့် အကြောင်း မကြားရတာနဲ့ ဘယ်လိုများနေသလဲလို့ လိုက်လာခဲ့တယ်၊ ဒီရောက်မှ မင်းအကြောင်းကြားရလို့ ငါလည်း ဝမ်းမြောက်ပါရဲ့၊ ဟိုဘက်က ကိုယ်တော်က ဦးချိုမဟုတ်လား'

"မှန်ပါ၊ တပည့်တော် မောင်ချိုပါ၊ အသက်အရွယ်ကြီးလာတော့ ဘုရားသာသနာမှာ အမှုထမ်းနေပါတယ်"

"အင်း... ကောင်းတယ် ကောင်းတယ်၊ ဒါနဲ့ ခုနင်က မောင်ယော ဘယ်သွားမလို့တဲ့"

"ယောတဲကို သွားမလို့ပါ ဘုရား"

"အို... အန္တရာယ်က များသနဲ့၊ ဘာကိစ္စသွားမှာလဲ" ဟု မေးသဖြင့် မောင်ယောသည် ဦးချို၏ အဖြစ်အပျက်များကို ပြန်၍ လျှောက်ထားလေ၏

mgyoe.com

mgyoe.com


၏။

"ဦးညေယျလည်း အတန်ကြာ စဉ်းစားနေရာမှ... ဩော်... ငါတွေ့တာများ ဖြစ်နေမလားပဲ။ ဒီလိုကွယ့် နားထောင်ကြ၊ လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်က ယောနယ်စပ်နားမှာရှိတဲ့ ရွာကလေးတစ်ရွာကို ဘုန်းကြီးရောက်ဖူးတယ်။ အဲဒီရွာမှာလည်း ရွာသူရွာသားများ တောင်းပန်ကြတာနဲ့ တစ်ဝါလောက် နေခဲ့ရတယ်။ တစ်နေ့သ၌မှာ ဒကာမတစ်ယောက်ဟာ သုံးနှစ်သားလောက်ရှိတဲ့ ကလေးတစ်ယောက်ကို မနိုင့်တနိုင် ချီလာပြီး အရှင်ဘုရား၊ ဒီကလေးကို ယူပါ ဘုရား။ တပည့်တော်မမှာ မကျန်းမာတဲ့အတွက် အလုပ် လုပ်ကိုင်မစားနိုင်အောင် ရှိနေပါတယ်။ တပည့်တော်မ သေရင် ဒီကလေးကို ကျွေးမွေးမည့်လူလည်း မရှိ။ မိဘများကလည်း သူတို့သဘောမတူတဲ့ ယောကျ်ားယူရမလားဆိုပြီး လက်မခံကြပါ။ တပည့်တော်မ သေရမှာကို မကြောက်ပေမဲ့ ကလေးအတွက် စိတ်မချနိုင်အောင် ရှိပါတယ် အရှင်ဘုရား၊ သနားသဖြင့် မွေးမယ်ဆိုရင် အသေဖြောင့်ပါပြီ ဘုရားလို့ သားကလေး လာအပ်လာတော့ ငါလည်း သနားတာနဲ့ မွေးမယ်ဆိုပြီး ယူထားလိုက်တယ်၊ ယောထဲက ရလာတာမို့ နာမည်တောင် မောင်ယောလို့ မှည့်ထားတာပဲ၊ အဲဒီမောင် ယောများ ဖြစ်နေရင်ဖြင့် မောင်ယောက မောင်ယောကိုသွားရှာလို့ တစ်သက်လုံး တွေ့မှာမဟုတ်ဘူး" ဟု ပြောစဉ်...

ဘုန်းတော်ကြီး ဦးကလျာဏမှာ ဝမ်းသာအားရနဲ့ 'ဟုတ်ပါပြီ ဟိုလက်စွပ်ကလေးကို မြင်ကတည်းက ငါ့စိတ်ထဲမှာ ထင်ယောင်ထင်မှား ဖြစ်နေတာ၊ အမယ်လေး လက်စသတ်တော့ ငါ့သား ငါပြန်တွေ့နေရပါကလား၊ ဒါကြောင့် မြင်ရင်မြင်ချင်း သားအရင်းကဲ့သို့ ချစ်မိခြင်းဟာ သွေးပြောလို့ထင်ပါရဲ့' ဟု ပြောရာ အခြားသော သူများမှာလည်း ဝမ်းမြောက်ဝမ်းသာ အံ့ဩကြလေ၏။

mgyoe.com

mgyoe.com


မောင်ယောသည်ကား မိမိဖခင်အရင်းကို တွေ့ရသည့်အပြင် ဖခင်ဖြစ်သူမှာ သာမည ဆင်းရဲသားမဟုတ်ဘဲ ဘုရင်မင်းမြတ်၏ မြှောက်စားခြင်းခံရသူ အရာရှိကြီးတစ်ဦးဖြစ်နေကြောင်းကို သိရသောကြောင့် အထူးပြောဖွယ်ရာမရှိအောင် ဝမ်းမြောက်လျက် နေလေ၏။ အလိုရှိအပ်သော အရာအပေါင်းတို့နှင့် ပြည့်စုံလျက်နေသော ရှင်မင်းဆွေမှာလည်း ဤလောကတွင် ပျော်ရွှင်ခြင်းတကာတို့၏ အထွတ်အထိပ်သို့ရောက်ရှိကာ အကြင်လင်မယားနှစ်ယောက်တို့မှာ ကာမဂုဏ်ချမ်းသာကို ကောင်းမွန်စွာ ခံစားစံစားလျက် နေကြကုန်သတည်း။

ပြီးပြီ။

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စစ်ကိုင်းတံတား

## ရတနာသုံးတန်၊ အာစေရ၊ အပဟံ၀န္ဒာမိ

## အခန်း ၁

သံကရိယာတန်ဆာအလေးချိန်အားဖြင့် တန်ပေါင်း တစ်သောင်းမျှ လေးလံ၍ ပေပေါင်းသုံးထောင်ရှစ်ရာ ခြောက်ဆယ်၊ တစ်မိုင်နီးပါးရှိသော သံဖြင့်ပြီးသည့် တံတားကြီးမှာ ဧရာဝတီမြစ်ကြီးပေါ်တွင် ထင်ထင်ရှားရှား သားသားနားနား ပေါ်လွင်၍ နေလေ၏။

မြစ်ရေထု၏ အောက်ခြေ မြေထုထဲသို့ ပေတစ်ရာကျော်နက်အောင် စိုက်ထားသော ကွန်ကရစ် အုတ်ကျောက်နှင့် ပြီးသည့်ရေနေ ကျောက်တိုင်ကြီး ဆယ့်တစ်ခုမှာ တန်ချိန် တစ်သောင်းကျော် နှစ်သောင်းနီးပါး လေးလံသော သံ၊ သစ်၊ အင်္ဂတေ၊ လမ်းများ ပါဝင်သော တံတားကြီးကို ပန်းအားမကြီးဘဲ မချီထမ်းပိုးထားလေ၏။

mgyoe.com

mgyoe.com

'ရွှေကြက်ယက် မိချောင်းပေါ်' ဆိုသော တဘောင်နှင့် မည်သို့ မည်ပုံဆိုင်သည်၊ မဆိုင်သည် မသိရသေးသော်လည်း ထိုတံတားကြီးမှာ နီရဲသော ဆေးရောင်ဖြင့် ဧရာဝတီမြစ်ကြီးကို ဖီလာတန်းလျက်၊ မန္တလေး ဆိပ်ကမ်းဆီမှပင် အထင်အရှား မြင်နေရခြင်းဖြင့် မိကျောင်းကြီးပေါ် နေသကဲ့သို့ ရှိ၍ ယမန်နှစ် ဇန်နဝါရီလဆန်း (၂) ရက်တွင် တံတားဖွင့်ပွဲ ကျင်းပစဉ်ကမူ မြို့သူမြို့သားတို့ အတော် ဆူဆူပူပူ သွားကြလာကြနှင့် ခေတ်စားနေခဲ့ပြီး ရှေးလူကြီးတွေကလည်း တဘောင်စနည်းက ဘယ်လို၊ ကိန်းခန်းသိုက်စာတ်ကဘယ်လို၊ သံခမောက်ဆောင်း လေးယောက် လာမှာက ဘယ်ပုံ၊ ဂြိုဟ် (၇) လုံးဆုံတာက ဘယ်နည်း၊ တံတားကြီး အောက်မှာ ကျောက်မိကျောင်းကြီးက လှုပ်လို့၊ တံတားဖွင့်မယ့်နေ့က ငလျင်လှုပ်တာ၊ 'မရာကျော်' သိုက်စာကဖြင့် ဘယ်ပုံဆိုတာကလား...။ တံတားမဖွင့်ခင် မြင်းဖြူရှင်ဟာ တံတားပေါ် မြင်းစိုင်းနေတာ အချို့က မြင်လို့ မပြောဝံ့တာနှင့် ကျိတ်ကျိတ်၊ ကျိတ်ကျိတ် ဖြစ်နေကြသတဲ့။

ဘုရင်ခံစီးတဲ့ ရှေ့တွဲမှာ နတ်အုပ်ကြီးကို ကန်တော့ပွဲ ပိုက်လိုက်ဖို့ ခေါ်တော့ ငွေတစ်ထောင်ရမှ လိုက်နိုင်မယ်လို့ ဆိုသတဲ့။

ဇကန် တစ်ခုခုဖြစ်မှာမြင်လို့ပဲ နံပါတ် ၆ တံတားတိုင်ကြီးလုပ်တုန်း ကလည်း တွင်းထဲလေမွန်းပြီး လူတစ်ရာကျော်သေလို့ တစ္ဆေသူရဲတွေ ဖြစ်နေကြပြီး ညည ဆူညံသောင်းကျန်းအောင် ခြောက်လှန့်နေကြသတဲ့။

စာပို့ သင်္ဘောကြီးနဲ့လည်း အဲဒီတိုင်ကြီးနဲ့ တိုက်မိလို့ သင်္ဘော ဝမ်းဗိုက်ပေါက်သွားတာ လူဦးအောင် ဖာလိုက်နိုင်လို့ပေါ့ စသော မဟုတ် တာရော ဟုတ်တာရော သောကော ရောကော ကောလာဟလ စကားတွေ ကြောင့် တံတားဖွင့်ပွဲ မသွားဝံ့သူတွေ အသချေ်နှင့် အနန္တ။ သွားမယ် ဘာဖြစ်ရမလဲဆိုပြီး ဇွတ်သွားသူတွေလည်း ဒုနှင့်ဒေး။

သို့သော် ၎င်းတို့ ထင်မြင်ပြောဆိုသည့်အတိုင်းကား ဘာမျှမဖြစ်။

mgyoe.com

mgyoe.com


အေးချမ်းပျော်ရွှင်စွာ ကိစ္စကြီးပြီးမြောက်သွားပြီးနောက် ယခုတွင်ကား ထိုတံတားကြီးတွင် မီးရထား၊ မော်တော်ကား၊ ခြေကျင်ခရီးသွားတွေ ဥဒဟိုစည်ကား၍ နေပုံနှင့်ထောက်သော် ကြောက်သူတွေအတွက် ဟက် ဟက်ပက်ပက် ရယ်၍ပစ်လိုက်စရာသာ ကောင်းတော့၏။ (ဩော်... ဗမာ... ဗမာ... လျှာမရှည်ရရင် ကိစ္စမပြီးကြဘဲကိုး)လို့ ဆိုတဲ့လူက ဆိုကြသေး၏။

ထိုသို့ ရထားလမ်း၊ ကားလမ်း၊ လူသွားလမ်းစုံလင်၍ ကူးသန်း သွားလာသူတွေလည်း မြောက်မြားစွာရှိကြသဖြင့် ကမ်းနှစ်ဖက်က အကောက်တော်ကျေး တဲကလေးနှစ်ခုရှိ လူများမှာ မစဲအောင် အလုပ် များ၍ နေကြခြင်းအားဖြင့် စစ်ကိုင်းတံတားတွင် အကူးအသန်း များ မများ သိရှိနိုင်လေသည်။

မန္တလေးက လူများမှာလည်း စစ်ကိုင်းတံတားဟု ခေါ်ကြ၍ စစ်ကိုင်းကလည်း ထိုနည်းလည်းကောင်းပင် ဖြစ်လေရာ လူအားလုံးတို့ မှာ ထိုတံတားကို စစ်ကိုင်းတံတားဟူ၍ စတည်ဆောက်စကပင် ခေါ်ပြော သုံးစွဲခဲ့ကြသည့်အတိုင်း နှုတ်ကျိုးလာခဲ့ခြင်းကြောင့် အစိုးရက အင်းဝ တံတားဟု အမည်ပေးသော်လည်း စာရေးရာမှအပ အများ၏ အသုံး အစွဲမှာ စစ်ကိုင်းတံတားဟု ဖြစ်၍နေကြသဖြင့် မည်သည့်အခါမှ အင်းဝ တံတားဟု လုံးလုံးလျားလျား ခေါ်ကြမည်ကို မသိနိုင်ရှိခဲ့လေသတည်း။

သို့သော် စစ်ကိုင်းတံတားဟု ခေါ်ခေါ်၊ အင်းဝတံတားဟု ခေါ်ခေါ် 'မရာကျော်' ပဲ မိကျောင်းထပ်ကိုက်ချင် ကိုက်ဦး ဤဝတ္ထုနှင့် မတိုက် ဆိုင်။ ဤဝတ္ထုနှင့်ဆိုင်သူတို့မှာ ထိုစစ်ကိုင်းတံတားပေါ်တွင်စ၍ အဆက် ဖြစ်ကြသော မန္တလေးက မောင်မြင့်သိန်းနှင့် စစ်ကိုင်းသူ ခင်စိမ်းရွှေတို့ သာလျှင် ဆိုင်သောကြောင့် ၎င်းတို့အကြောင်းကိုသာ ရေးသားရန်ရှိသဖြင့် ရေးရတော့မည် ဖြစ်လေရာ မြင့်သိန်းမှာ ပညာတတ် အလုပ်မရှိ၊ တစ်ရွာ

mgyoe.com

mgyoe.com

ကိုးလေးဖြစ်၍ စိမ်းရွှေကား မြန်မာကျောင်းဆရာမကလေးတစ်ဦး ဖြစ်လေ၏။

စ၍တွေ့စဉ်ကမူ တစ်ယောက်ယောက်ရဲ့ အမည်နာမကိုမျှ သိဖူးကြသည်မရှိဘဲ စစ်ကိုင်းတံတား ကားလမ်းဖွင့်သည့်နေ့ပင်။ မန္တလေးနှင့် စစ်ကိုင်းခြေကျင်ခရီးဖြင့် ပေါင်းဆုံယှက်ကူးမိကြသည်တွင် စိမ်းရွှေတို့တစ်စုကလည်း ပုသိမ်ထီးကလေးတွေနှင့် တံတားပေါ်တွင် လမ်းလျှောက်ကြည့်ရှုရန်လာကြသောအခါ မန္တလေးက မြင့်သိန်းမှာလည်း ဘိုင်စကယ်ကလေးတစ်စီးနှင့် အမရပူရမြို့ကြီးတစ်ခုလုံးကို ကျော်ဖြတ်ကာ စစ်ကိုင်းတံတားသို့ ကြိုးကြိုးစားစား လာ၍ ကြည့်လေရာတွင် စိမ်းရွှေနှင့်တွေ့ကာ စက္ကူရုပ်ပေနသံဝါသမိကြပြီးနောက်၊ တစ် ယောက်တစ်ယောက် ရှိုးတိုးရှန့်တန့်ဖြစ်နေကြရာမှ မြင့်သိန်းမှာ ဒီလိုနဲ့ မပြီးနိုင်သောကြောင့် စကားအစအချက်ရှာနေစဉ်မှာပင်...

တစ်ဖက်က ဘတ်(စ်) ကားတစ်စီးဝင်လာသဖြင့် ဆူဆူညံညံ သီချင်းဆိုသံတွေကို ကြားရသောကြောင့် စိမ်းရွှေတို့ မိန်းမပျိုတစ်စုနှင့် မြင့်သိန်းရော ခေတ္တအံ့အားသင့်သလို ကြည့်နေကြစဉ်ပင် တစ်ဖက်လျှောက်လာကြသော စကောက်အသင်းသားများကို တွေ့မြင်ရပြီးနောက် တစ်ယောက်တစ်ခွန်း စကားပြောကြပြီး အနည်းငယ် ဆောက်ကျသံများကြားရသည်က အစပြုပြီး စိမ်းရွှေတို့မှာ ပျာယီးပျာယာနှင့် 'လုလုရေ၊ ဟိုဘက်က ဘာဖြစ်ကြတာလဲ၊ ရန်များဖြစ်ကြသလား၊ ရွှေရွှေတို့ကြောက်ပါတယ်၊ ညွန့်တို့ရေ ပြန်ကြစို့လား၊ လူကြီးတွေလည်း မပါဘူး၊ နောင်ခါ တစ်ခုခုဖြစ်ကြရင် မိန်းမတွေချည်းမို့ စိုးရိမ်ရတယ်' ဟု စိမ်းရွှေက ပြောသောကြောင့် အားလုံးပင် ပြေးရတော့မလိုလို၊ ငိုရတော့မလိုလို ဖြစ်နေကြစဉ်...

မြင့်သိန်းကဝင်၍ 'အို... မကြောက်ပါနဲ့၊ ဘာမှမဖြစ်နိုင်ပါဘူး၊

mgyoe.com

mgyoe.com


သူတို့ဟာသူတို့ စကားနည်းနည်းများကြတာပါ၊ ကျွန်တော်တို့လည်း အရှိသားပဲ'ဟု ဆိုစဉ်ပင် တစ်ဖက်က စကားအသံများ ငြိမ်လျက် ရယ်သံ မောသံ လှောင်ပြောင်သံများနှင့် ဘတ်(စ်) ကားစက်နိူးသံများ ကြားရပြီး နောက်၊ ရှေးကလို တိတ်ဆိတ်အေးချမ်းသွားသောကြောင့် စိမ်းရွှေတို့မှာ အားတက်သွားကာ မိန်းမဖော်တစ်စုကလည်း မြင့်သိန်းကို အားကိုးသော မျက်နှာ၊ ကျေးဇူးတင်သောလက္ခဏာတို့ဖြင့် အသီးသီး ကြည့်ကာနေကြ လေ၏။

ဤတွင်မှ မြင့်သိန်းမှာ အနည်းငယ်ရဲလာပြီး 'ခင်ဗျားတို့က စစ်ကိုင်းမြို့က လာကြတာ ထင်ပါရဲ့'ဟု စွန့်ပြီးမေးလိုက်လျှင် စိမ်းရွှေက ဆရာမပိပိ ရဲရင့် ဖျတ်လတ်စွာနှင့်...

'ဟုတ်ကဲ့ ကျွန်မတို့ စစ်ကိုင်းကပါပဲ။ ဆရာမအဖော်တွေ စုပြီး လာကြတာ၊ လူကြီးတွေလည်း မပါတော့ တစ်ခုခုဖြစ်မှာ အင်မတန် စိုးရိမ်တာပဲ။ တံတားကိုလည်း အင်မတန်လာချင် ကြည့်ချင်တော့ စွန့် လာရတာပဲ' ဟု ပြောသည်တွင်...

မြင့်သိန်းမှာ တိုး၍ ပြောရဲ၊ ဆိုရဲ၊ ဖြစ်လာပြီး။

'ကြည့်ချင်ရင် စိတ်အေး၊ လက်အေး၊ တဖြည်းဖြည်း ကြည့်ကြပါ ခင်ဗျာ။ ကျွန်တော် စောင့်ရှောက်နေပေးမယ်'ဟု ပြန်ပြောနေစဉ်မှာပင် တစ်ဖက်မှ ကြမ်းပိုးတစ်စုရောက်လာကြပြီး စိမ်းရွှေတို့အနီးတွင် မထိတထိ ပြုံးစိစိနှင့် မယောင်မလည် ရပ်ကြကာ တံတားအောက်ငုံ့ ကြည့်၊ အနိမ့်အမြင့် ငြင်းလိုငြင်း၊ ရေစီးသန်တယ် မသန်ဘူး ပြောသူ ပြောနှင့် တသောသော ရှိနေကြရာမှ တစ်ယောက်က အဝေးသို့ လက်ပြ ရင်း...

"ဟော့... ဟော့... ဟိုမှာကြည့်ကွ အင်းဝသင်္ဘောကလေး လာနေ တယ်"ဟု ဆို၍ တစ်ယောက်က...

mgyoe.com

mgyoe.com

"ဟင်... ဟုတ်ပါရဲ့ အင်းဝသဘော်က အော်လံဆံထုံးကြီးနဲ့ပါ လား။ ဘောကလည်း ဆံမြိတ်ကလေးချလို့၊ ဟင်... ဟုတ်ပေါင် ခေါင်း တိုင်ကြီးက မီးခိုးတွေ အူထွက်နေတာကိုး' ဟု ရယ်စရာလိုလို လှောင်စရာ လိုလိုနှင့် ပြောသူပြော၊ တချို့ကလည်း နန်းတော်ရှေ့ဆရာတင် အခါမီ ထွင်လိုက်သော (အခါကြွံရတနာပုံသူတွေ ပုသိမ်ထီးနဲ့ စိန်ဘီး သနပ်ခါး လိမ်းပြီး စစ်ကိုင်းတံတားကြီး လျှောက်ကြသည်၊ မေကညာ ဇေယျာသူ တွေ ပုသိမ်ထီးနဲ့ စိန်ဘီးသနပ်ခါးလိမ်းပြီး စစ်ကိုင်းတံတားကြီး လျှောက် ကြသည်) ဟု စလိုက်သောအခါ...

စိမ်းရွှေတို့တစ်သိုက်မှာ အတော် အနေရခက်၍ ရှက်ကိုးရှက်ကန်း ဖြစ်သွားရာမှ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြစဉ် သီချင်း သံမှာ ဆက်လက်၍ (ထပါနေဘ် မရာကျော်ရယ်၊ ဂဟေဆက်လို့ ရွှေ ကြက်ယက်ဘုရားဖူးပြီး စစ်ကိုင်းတံတားကြီးကူးစို့အတည်) ဟု ပေါ် လာပြီးနောက်၊ တစ်ဖန် တစ်ယောက်က ဆက်ကာ...

(နေညိုညိုရယ်ရီ ရွှေဘိုသူတွေလာပြန်ပြီ၊ တံတားထိပ်အောက် ထမင်းချက်မလို့ ဟင်းရွက်ကလေးသွားခူးသည်) ဟု ဆိုလိုက်ပြီး နောက် တစ်ယောက်ကလည်း (အသရေစုံ ရွှေဂုန်မြို့ကတောင် လာကြသည်။ မင်းမြတ်စကား အင်းဝတံတားလို့ နှုတ်ဖျားတော် အောင်လံချီ) ဟု အဆုံး သတ်ပြီးသည့်နောက်။

တစ်ယောက်က ပြောင်ရွှတ်ရွှတ် နောက်တောက်တောက် အသံနှင့် (မေကညာ ဟောဟိုက ဇေယျာသူတွေ ပုသိမ်ထီးနဲ့ စိန်ဘီးသနပ်ခါး လိမ်းပြီး စစ်ကိုင်းတံတားလျှောက်ကြသည်) ဟု ဆွဲဆွဲငင်ငင်နှင့်ဆိုကာ စိမ်းရွှေတို့ဘက် လှည့်လိုက်ရာတွင် မိန်းမပျိုတို့နှင့် မျက်နှာချင်းဆိုင်မိ သွားသောကြောင့် အားလုံးပင် ဝါးခနဲ ရယ်လိုက်ကြသောအခါ စိမ်းရွှေ တို့လူစုမှာ မျက်နှာများ ပျက်နေကြသဖြင့် မြင့်သိန်းမှာ ထောင်းခနဲ ဒေါပွ

mgyoe.com

mgyoe.com


လာပြီး မျက်နှာထားကြီးနှင့်...

'ဟေ့ကောင်တွေ ဘာနောက်တောက်တောက် လုပ်တာလဲ၊ မိန်းကလေးတွေကို မြင်ရင် အလိုလို အူရွှင်ပြီး ပြောင်ချင်၊ လှောင်ချင်တဲ့ စိတ်ဟာ အင်မတန် ရိုင်းစိုင်းယုတ်မာတဲ့ တေလေကြမ်းပိုးတွေရဲ့ အကျင့်ကွ။ မင်းတို့နှမကို သူများ ဒီလိုစော်ကားရင် ခံချင်ကြမလား' ဟု

ရှူးရှူးရှားရှားနှင့်ပြောလေရာ၊ ကြမ်းပိုးတစ်သိုက်မှာ ပထမသော် အံ့အားသင့်ကာ ငြိမ်ကြည့်နေကြပြီးမှ ခပ်စွာစွာ မိုက်ကပ် ညစ်ကျယ် လူတစ်ယောက်က

"တို့ဟာတို့ ပျော်လို့ သီချင်းဆိုတာ မင်းနဲ့ ဘာဆိုင်လဲကွ"

ဟု ပြောလိုက်သောကြောင့် မြင့်သိန်းတွင် မချုပ်တီးနိုင်ဘဲ အကျီ လက်များပင့်ကာ

"ဟေ့... မဆိုင်ကော မပြောရဘူးလားကွ။ မင်းကဘာလဲ မိုက် သလား မိုက်ရင်လာ" ဟုဆို၍ လက်သီးနှစ်ဖက် ဆုပ်ကာ ရှေ့သို့တိုး၍ သွားလေ၏။

ယခင်လူကလည်း လက်သီးဆုပ်ကာ "လာတယ်ကွ။ မင်းက ဘာလုပ်ချင်သေးလို့လဲ" ဟု ပြောရင်းတိုးလာရာ။ ကြမ်းပိုးတစ်စုက ဝိုင်းဆွဲထားရလေ၏။

မြင့်သိန်းလည်း ရှေ့သို့တိုးကာ "အမာလူပါး၀တဲ့ အကောင်။ အကြောင်းသိရောပေါ့" ဟုဆိုပြီး ပြေးသွားမည်အပြုတွင် စိမ်းရွှေတို့က ပျာယီးပျာယာ ဝိုင်းဆွဲထားပြန်သောကြောင့် နဖားကြိုးတင်းသော နွားလို ရှူးရှူးရှားရှားဖြစ်၍နေလေ၏။

တစ်ဖက်ကလူကလည်း အဖော်များကို တွန်းထိုးကာ "ဟေ့ကောင် တွေ မဆွဲနဲ့ ဖယ်ကွ" ဟု ဆိုလျက် ရုန်းပြန်သောကြောင့် မြင့်သိန်းက လည်း တကဲ ကဲနှင့် ထပ်၍ ရုန်းပြန်ရာ...။

mgyoe.com

mgyoe.com


စိမ်းရွှေတို့မှာ ကြာသော် ရန်အကြီးအကျယ်ဖြစ်မည်စိုးသဖြင့် "ကဲ... ရှင် တော်ပါတော့။ ဒီကြမ်းပိုးတွေကိုတုပြီး ဖြစ်မနေပါနဲ့။ ကျွန်မတို့နဲ့ လိုက်ခဲ့ပါ။ ဒီမှာနေရင် အလကားရန်များနေဦးမယ်" ဟု...

တစ်ယောက်တစ်ခွန်း ဝိုင်းပြောကြဆွဲကြမှ တစ်ဖက်ကလူစုလည်း သူတို့အဖော်သူတို့ခေါ်ကာ ထွက်သွားကြသောကြောင့် မြင့်သိန်းမှာ ရှူးရှူးရှားရှား ဖြစ်နေရာမှ သတိရပြီး လှည့်ကြည့်မိရာ မိမိမျက်စိကျနေသော စိမ်းရွှေနှင့်တကွ အခြားမိန်းမပျိုတစ်စုမှာ မိမိလက်မောင်းကို ဝိုင်းဆွဲကာ ၎င်းတို့နှင့်အတူ လိုက်ရန် တတွတ်တွတ်ခေါ်နေကြသည်ကို တွေ့ရမှ ဒေါသစိတ်များအနည်ထိုင်သွားပြီး ရုတ်တရက် နတ်ပြည်တက်ပြီး တစ်ဖက် ငါးရာသော နတ်သမီးများရံနေသည်ကို ခံရသကဲ့သို့ တစ်မုဟုတ်ချင်း ဘဝင်မြင့်တက်ကာ။

"အာဂ ငါပါကလား။ ဟိုခွေးမသား ကြမ်းပိုးတွေကို ကျေးဇူးတင်လိုက်ပါဘိ" ဟု မိမိစိတ်ထဲတွင် ဝမ်းအသာကြီး သာသွားကာ ခေတ္တတွေဝေနေဆဲ...။

"ကဲ... လာပါရှင်။ ရှင်ဒီလမ်းကပြန်ရင် ဧကန်ဟိုလူတွေနဲ့ တွေ့နေဦးမယ်။ ကျွန်မတို့ကို စောင့်ရှောက်တဲ့အတွက်နဲ့ ဖြစ်ရတာမို့ အင်မတန်လည်း ကျေးဇူးတင်ပါတယ်။ ရှင်ပြန်ရင် မီးရထားနဲ့ ပြန်ပါ။ ဘူတာအထိ ကျွန်မတို့နဲ့ လိုက်ခဲ့တာပေါ့" ဟု...

စိမ်းရွှေက သွက်လက်စွာ ပြောလိုက်ရာ ရေငတ်ရာတွင် ရေတွင်းထဲ မကျရဘဲနှင့် ရေခဲစိမ်ဝင်တို သောက်လိုက်ရသလို ဖြစ်ကာလိုက်တာပေါ့ ဟု ဝန်မခံငြားလည်း လှဲချထားသော စက်ဘီးကို ကောက်၍ကိုင်ကာ "ဒီတောလေကြမ်းပိုး ကောင်တွေဟာ မိန်းကလေးမြင်ရင် ဒီလိုချည်းပဲဗျ။ ကျွန်တော်ကလည်း ဒါမျိုး နည်းနည်းမှုရတာ မဟုတ်ဘူး" ဟု ပြောရင်း သွားရန်ခြေလှမ်းပြင်သောကြောင့်။

mgyoe.com

mgyoe.com


စိမ်းရွှေတို့လည်း ရော၍လှမ်းကာ "ဒီလိုစောင့်ရှောက်တာ အင်မတန် ကျေးဇူးတင်ပါတယ်ရှင်၊ ဘယ်အခါမဆို ရောက်ရင်ဝင်ထွက်ပါ။ ဟောဒီက အဖော်တွေကလည်း အင်မတန် ကျေးဇူးတင်နေပါတယ်" ဟု စစ်ကိုင်းဘူတာရုံသစ်ဘက်သို့ တဖြည်းဖြည်း စကားပြောကြရင်း လျှောက်ခဲ့ကြရာ မလှမ်းမကမ်းတွင်သွားနေသော ကြမ်းပိုးတို့ထံမှ။

"ဟော့ မိန်းမထိန်း၊ ယောက်ဖ၊ နောက်ပိုး" စသော ဘွဲ့ထူးပေးသံတွေမှာ လေထဲမှဝှေ့ယမ်းပါလာကြသဖြင့် မြင့်သိန်းမှာ 'တယ်... တောက်... ဟင်း' စသည်ဖြင့် အံခဲကြိမ်းဝါးရင်း လှည့်ကြည့်၊ လှည့်ကြည့်နှင့်ပင် ဝမ်းတွင်းကမူ သူတို့ကြောင့် စိမ်းရွှေတို့နှင့် ယခုလို ရဲရဲတင်းတင်း ပြောဆိုသိကျွမ်းသွားရခြင်း။ မိန်းမပျိုတစ်သိုက်၏ ဂရုစိုက်ခံရခြင်းများကို အကျေနပ်ကြီး ကျေနပ်၍ လာခဲ့လေသတည်း။

❒

mgyoe.com

mgyoe.com

# အခန်း ၂

ဤ၌တွင်မှအစပြုကာ မြင့်သိန်းမှာ မကြာခဏ ဘိုင်စကယ်လေး တစ်စီးဖြင့် အင်းဝတံတားကြီးကို ကျော်ဖြတ်ကာ စစ်ကိုင်းမြို့ရှိ စိမ်းရွှေတို့ ထံသို့ အလည်အပတ်ရောက်ခဲ့ပြီးနောက် တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးအရောဝင်၍လာခဲ့ရာမှ မြင့်သိန်းက တစ်စတစ်စ လိုရာသို့ ဆွဲခဲ့ သည်တွင် စိမ်းရွှေကလည်း ပစ်ပစ်ခါခါကြီး မပယ်ခဲ့ဘဲ မြင့်သိန်း၏ အချစ်ကို လက်ခံသည်မှ အစပြု၍ ကျောင်းအားသော ညနေပိုင်းများ တွင် စိမ်းရွှေနှင့် မြင့်သိန်းတို့မှာ မူလတွေ့ဆုံခဲ့ရင်း အင်းဝတံတားကြီး ပေါ်တွင် နှစ်ကိုယ်ယှဉ်တွဲ အချစ်ပွဲခံ၍ နေခဲ့သည်သာ များသောကြောင့်။

ကြာသော် စိမ်းရွှေ၏ အသိ ဆရာမကလေးများနှင့် သူငယ်ချင်း မိန်းမပျိုတို့မှာ ကျောင်းအားလပ်ချိန်တွင် စိမ်းရွှေနှင့် ခါတိုင်းလို မတွေ့ ကြရတော့ဘဲ တစ်နေ့ဖြင့်လည်း လမ်းလျှောက်ထွက်သွားသည်။ တစ်ရက် ဖြင့်လည်း လမ်းလျှောက်ထွက်သွားကြောင်းသာ အိမ်လာမေး တိုင်း စိမ်းရွှေ၏ မိဘများက ဆီး၍ ပြောလိုက်ကြသောကြောင့် အပျို

mgyoe.com

mgyoe.com


ဖော် သူငယ်ချင်းတစ်စုတို့မှာ ရှေးအခါက မိမိတို့နှင့် ပူးတွဲပူးတွဲ သွားလာနေခဲ့ပါလျက်၊ ယခု စိမ်းရွှေခွဲထွက်ပုံ ထူးခြားသည်ကို အချင်းချင်း ပြောဆိုစဉ်းစားကြကာ အတွေးရခက်နေကြလေ၏။

စိမ်းရွှေ၏ မိဘများမှာလည်း အခါတိုင်း သမီးသွားလာ လည်ပတ်လျှင် ၎င်း၏ ဆရာမအဖော်အချင်းချင်း အပေါင်းအသင်းများနှင့် တစုတဝေးကြီး သွားလာနေမြဲဖြစ်သည်တစ်ကြောင်း၊ ဆရာမတစ်ယောက်ဖြစ်နေသဖြင့် ကျောင်းကိစ္စ၊ အလုပ်ကိစ္စတို့နှင့်လည်း မပြတ်မပြတ်သွားလာရတတ်သောကြောင့် သမီး လမ်းများသည်ကို အထူး ကွပ်ကဲခြင်းမရှိဘဲ သူလည်း အလိမ္မာသားလေဟုသာ စိုးရိမ်စိတ်ကို နှိပ်ကွပ်ခဲ့ခြင်းအားဖြင့် စိတ်ချလက်ချ နေတတ်ခဲ့ကြမြဲ ဖြစ်လေရာ...

ယခုတလောကား ၎င်း၏ အပေါင်းအဖော်တို့မှာ တစ်နေ့ သုံးလေးဦး လာ၍မေးကြသောကြောင့် မိဘများမှာ စိမ်းရွှေအပေါင်းအဖော်တို့နှင့်ခွဲ၍ တစ်ဦးတည်း လမ်းထွက်နေသည်ကို စဉ်းစား အကဲခတ်စပြုကြပြီ ဖြစ်လေ၏။

တစ်နေ့သ၌ စိမ်းရွှေ ကျောင်းသွားသည့်အချိန်တွင် ၎င်း၏ အဝတ်အစားထည့်သော သေတ္တာတွင်းသို့ မိခင်ဖြစ်သူ ဒေါ်မေက ရှာဖွေ၍ကြည့်သောအခါ ကိုယ်တစ်ပိုင်း ဘောတိုက်ရိုက်ထားသော ယောကျ်ားပျိုတစ်ဦး၏ ဓာတ်ပုံတစ်ခုကို တွေ့ရသည့်မျှမက ဓာတ်ပုံအောက်ထောင့်နားတွင် "ရွှေရွှေအချစ်သိန်း" ဟု ယောကျ်ား လက်ရေးဖြင့် ရေးထားသောစာတန်းကို တွေ့ရပြန်သောကြောင့် ဒေါ်မေမှာ အံ့သြခြင်းကြီးမက အံ့သြသွားလေ၏။

'ငါ့သမီးဟာ ရည်းစားသန့် မထားတတ်ဘူး၊ ရိုးရိုးကုပ်ကုပ်အလုပ်ကိုသာ ဂရုစိုက်တတ်သည်' ဟု ယုံကြည်ခဲ့သော စိတ်များမှာလေအလာတွင် ပြာသွန်ချလိုက်သလို လွင့်ပါးပျောက်ပျက်ကာ...

mgyoe.com

mgyoe.com


'အင်း... မချောကလေး ဒါကြောင့် လမ်းများနေတာကိုး' ဟု တွေးပြီး 'ဩော်... ကောင်ကလေးကဖြင့် သနားကမားပါပဲ။ ဘယ်လို အစားထဲကသာ မသိရသေးတယ်၊ ဒုက္ခ... ဒုက္ခ၊ သမီးမွေးရတာများ တယ်ဒုက္ခများပါကလားနော်' ဟု ငြီးတွားလျက် ဓာတ်ပုံကလေးကိုယူ၍ ဝှက်ထားလိုက်လေသတည်း။

ညနေကျောင်းပြန်သောအခါ အဝတ်အစားမလဲမီပင် ဓာတ်ပုံ ကလေးကို ဦးစွာ နှုတ်ဆက်မြဲဖြစ်သူ စိမ်းရွှေမှာ ထိုနေ့အဖို့လည်း ခါတိုင်း နည်းတူ ဝတ္တရားမပျက်ရအောင် သေတ္တာဖွင့်၍ နှုတ်ဆက်သောအခါတွင် မြင့်သိန်းဓာတ်ပုံကလေးမှာ ခါတိုင်းနေရာတွင် မတွေ့ရတော့ဘဲ ပျောက် ကွယ်နေသောကြောင့် ထိတ်ထိတ်ပျာပျာဖြစ်ကာ သေတ္တာတစ်ခုလုံး မွှေနှောက်လှန်လှောရှာလေ၏။ သို့သော် မတွေ့နိုင်ဘဲ ရှိလေသည်။

စိမ်းရွှေမှာ မျက်စိမျက်နှာပျက်ကာ မယ်ပဥ္စာသားပျောက်သကဲ့သို့ ဒေါင်းတောက်အောင် တစ်ခန်းလုံးရှာဖွေပြန်လေ၏။

ချွေးဒီးဒီးကျလျက် ဟိုဟာလှန် ဒီဟာလှန်နှင့် ကျောင်းပြန် ကတည်းက အလုပ်များနေသော သမီးကို ဒေါ်မေမှာ မသိမသာ တစေ့ တစောင်းက ချောင်းမြောင်းကြည့်ရှုနေပြီးမှ စိမ်းရွှေ၏ အခန်းဝသို့ မျက်နှာတည်တည်ထား၍ လာရပ်ကာ။

"ဟော့... မိစိမ်း ဘာများပျောက်လို့ ဒါလောက်ပျာယာခတ်အောင် ရှာနေရသလဲ"ဟု မေးလိုက်လျှင် ဗျာသင့်အောင် လှုပ်ရှားရှာဖွေနေသော စိမ်းရွှေမှာ ရုတ်တရက် ကျောက်ရုပ်ကြီးလိုဖြစ်သွားလေ၏။

"ဟော့... ငါမေးနေတာ မကြားဘူးလားအေ့။ ဘာများ ဒီလောက် ဖြစ်နေရတာလဲ" ဟု ထပ်မေးမှ သတိရကာ တစ်ဖန်လည်း မိမိကို ယခု လောက် မာမာတောက်တောက် မည်သည့်အခါမျှ မပြောဖူးသည့်အပြင် မျက်နှာတွင်လည်း အတော်ပင် မျက်နှာထားဆိုးနေသည်ကို တွေ့ရသော

mgyoe.com

mgyoe.com


ကြောင့် ထိတ်လန့်ကာ မိမိပျာလောင်ခတ်နေမိသည့် အတွက်လည်း တစ်မျိုးအဖြေရကျပ်ပြီး ရုတ်တရက် အဖြေမပေးနိုင်သေးဘဲ ငေးနေမိပြီးမှ တက်လာသော အလုံးကို မျိုချကာ။

"ဩော်... စာ မေမေ၊ စာစာ ပညာဝန်ဆီက ကျောင်းအတွက် ပေးလိုက်တဲ့စာ။ အခု ဘယ်ထားမိမှန်း မသိဘူး" ပြောရသော်လည်း စိတ်မလုံဘဲရှိသည်ကို ဒေါ်မေက တည်တည်ကြီး ပြုံးပြီး "ညည်း ပျောက်တာ စာမှ ဟုတ်ပါရဲ့လားအေ"ဟု ထပ်လောလိုက်သောအခါ တွင်မူကား အသံများတုန်၍လာကာ။

"အို... စာပါ မေမေရယ်။ စာမှစာ အိတ်အဝါကလေး။ အစိုးရ တံဆိပ်နဲ့"ဟု ခပ်ရှုံ့ရှုံ့နှင့် ပြောရသည်တွင်။

"ဩော်... အင်း... အင်း ညည်းတို့ကာလသမီးများဟာ ဘာမဆို တို့လူကြီးမိဘတွေကို ရောင်းစားချင်ကြတာချည်းပဲနော်။ ဒါနဲ့ ညည်းစာက ဘယ်လိုတံဆိပ်လဲအေ့။ ရွှေ့ရွှေ့အချစ်သိန်း ဆိုတဲ့ တံဆိပ်လား" ဟု မေးလိုက်သည်နှင့် တစ်ပြိုင်နက် မိုးကြိုးစက်မိသူပမာ စိမ်းရွှေ၏ မျက်နှာတစ်ခုလုံးညိုမည်းသွားလေ၏။

စကားနှုတ်ပြန်မရတော့ချေ။ ထိုတွင်မှ ဒေါ်မေမှာ ပြောရန်စကားများကို ဆက်လက်၍ "ကဲ... မမချော ဘာမှ ငြင်းကွယ်ပြီးမနေနဲ့။ ဒီဟာ ညည်းသေတ္တာထဲကတွေ့တယ်။ ညည်းရည်းစားကပေးတဲ့ ဓာတ်ပုံ မဟုတ်လား။ ငါလည်း ညည်းအမူအရာ ထူးခြားနေလို့ မသင်္ကာတာနဲ့ ညည်းအခန်းထဲ ဝင်ရှာကြည့်တာ။ ညည်းဒီလူရဲ့ အကြောင်းကို သိသလား။ ဘယ်လိုအစားထဲကလဲ၊ ငါသိချင်တယ်"ဟု တည်တံ့ခန့်ညားစွာ မေးလေ၏။

စိမ်းရွှေကား ခိုးထုပ်ခိုးထည်နှင့်မိသော သူခိုးပမာ ဖုံးကွယ်ပြောစရာလည်း စကားကုန်နေပြီဖြစ်သောကြောင့် ညိုမည်းအုံ့ဆိုင်းသော မျက်နှာ

mgyoe.com

mgyoe.com

တွင် မျက်လုံးထဲမှ မျက်ရည်မိုးတွေဆင်လျက်ရှိလေ၏။ ဒေါ်မေကား မိမိ မေးသော စကားကို ပြန်လှန်ဖြေကြားခြင်း မပြုသ၍ ထိုနေ့၌ လက်လျှော့မည် မဟုတ်သည့်အတိုင်း။

"ကိုင်း... ငါမေးတာ ပြောစမ်းပါဦး။ ညည်းနဲ့ ကြိုက်နေတာ ဘယ်လိုလူစားလဲ၊ ငါသိချင်တယ်။ လူကောင်းသူကောင်းဖြင့်လည်း ငါမဖျက်ဆီးဘူး။ မိကောင်းဖခင်သားသမီးနဲ့ တူအောင် တောင်းရမ်း ယူပေစေ။ တို့က ကျေနပ်တယ်။ ဒီလိုမှမဟုတ်ဘဲ မကောင်းတဲ့ အစားထဲ က တေလေကြမ်းပိုးများဖြင့် လက်သင့်မခံရဘူး။ ကိုယ့်သားသမီးကို ဆင်စီး လို့ မြင်းရံတာသာ ကြည့်ချင်တယ်။

"ကဲ... ပြောစမ်း ဘယ်အရပ်က ဘယ်သူ့သားသမီးလဲ။ သူ့ အလုပ် အကိုင်ကဘာလဲ မှန်တဲ့အတိုင်း ပြောပါ။ တို့မှာ သမီးမိန်းမမွေးထားရ တော့ နောင်အခါ အရှက်ကွဲဖြင့် မခံနိုင်ဘူးတော့" ဟု။ ချော့သလိုလို ခြောက်သလိုလို ပြောလေလျှင် စိမ်းရွှေတွင် အတန်ငယ်သက်သာရာရ လျက် တစ်လုံးချင်း ရှိုက်ကာ...

"မန္တလေးကပါ မေမေရဲ့" ဟု စွန့်၍ပြောလိုက်မှ။

"ဘယ်သူ့သားလဲ"

"ရွှေ့နေ ဦးထွန်းကြည်သားပါ"

"ဘာအလုပ် လုပ်သလဲ"

"အခု အလုပ် မရှိသေးဘူး၊ ကျောင်းက ထွက်စရှိပါသေးတယ်"

"အင်း... တယ်တော် အလုပ်မရှိတဲ့ လူကို။ ညည်းက ဘာမြင်ပြီး ကြိုက်ရတာတုံးလို့..."

"မေမေရယ် အလုပ်ဆိုတာ မွေးကတည်းက ပါလာတာမဟုတ် ပါဘူး၊ တစ်နေ့အလုပ်နဲ့ အကိုင်နဲ့ ဖြစ်လာမှာပါပဲ"

"ဟား... ဟား... ညည်းက 'တစ်နေ့' ဆိုတဲ့ စကားကို အားထား

mgyoe.com

mgyoe.com


မျှော်လင့်သကိုး။ သူ့ထက် လူစွမ်းကောင်းတဲ့ တကယ့် ပညာတတ်ကြီး တွေ အချောင်တစ်ရာ့ကိုးဖြစ်နေကြတာ။ ဘယ်လောက် ကြာကြပလဲ။ တစ်နေ့သော်လည်း အလုပ်ရနိုး၊ တစ်နေ့သော်နေရာကျနိုးနဲ့ နိုးကြီး တစ်လုံးလက်ကိုင်ထားရင်းနဲ့။ နှစ်ပေါင်းဘယ်လောက် ပုပ်လာကြသလဲ။

တောင်ရပ်ထဲက ပင်စင်စားမြို့အုပ်ကြီးသား အေးမောင်တို့ ကြည့် စမ်း၊ ဘီအက်စီအောင်ထားတာ သုံးနှစ်ကြာပြီ ဒီနေ့ ဒီရက်အထိ နေရာ ကျသေးရဲ့လား။ အရှေ့ပိုင်းက ဦးသိုင်းချုံသား မောင်ဝင်းကော။ ဘီအယ် အောင်ပြီး ယောင်ချာချာ ဖြစ်နေတာ လေးနှစ်ကျော်ပြီ။

ငွေတိုက်ဝန်ထောက်မင်း သာထွန်းတင် ကြည့်ဦး။ ဘီစီအက် စသင်ပြီး သောင်မတင်ရေမကျ အစိုးရ အလုပ်လည်းမရနိုင်။ သူ့ငွေး ဘက်ကလည်း လူမလိုလို့။ လောကကြီးမှာ ပညာတွေ ငွေကုန်ကြေးကျ ခံသင်ထားပြီး အလကားပိုနေကြတာပဲ။

အဲ... ဒီတော့ ညည်းအကောင်လို ဟိုက်စကူးလောက်က ထွက်တဲ့ အစားမျိုးတော့ ပိုးထိုးအောင်စောင့်ဦး၊ ညည်းထင်လုံးနှင့် ကိုက်မှာ မဟုတ် ဘူး..."

"သူ့ ကံက ရှိပါသေးတယ် မေမေရယ်။ ဟိုပညာတတ်တွေက တော့ အထက်တန်းမှန်းလွန်းလို့ ရတ်တရက် မရနိုင်ကြတာပါ"

"အေး... ညည်းကထင်နေ။ အောက်တန်းက ပညာတတ်တွေ ဘယ်လောက်များတယ်ဆိုတာ ညည်းလည်း အသိသားပဲ။ သူတို့နဲ့ တန်တဲ့ စာရေး၊ စာချီအလုပ်တွေမေးဦးမလား။ အသစ်ခန့်ဖို့နေနေသာ သာ၊ ခန့်ပြီးသားဟာတွေတောင် ဖြုတ်ဖြုတ်ချနေလို့ သားတွဲလဲ၊ သမီး တွဲလဲနဲ့ ဘယ်လောက် ဒုက္ခရောက်နေရှာကြသလဲ။

ကဲ... ကဲ... ညည်းကြပ်ကြပ် စဉ်းစားပါ။ လောကမှာ အိမ်ရာ ထောင်တဲ့လူမှန်ရင် နေဖို့၊ ထိုင်ဖို့၊ စားဖို့၊ သောက်ဖို့ ပိုက်ဆံဝင်မှ လူ့ပြည်

mgyoe.com

 mgyoe.com 

မှာ အသက်ရှည်ရှည်နဲ့ လူလုပ်နိုင်ကြမှာ။ ပိုက်ဆံဝင်ဖို့ဆိုတာလည်း အလုပ်အကိုင်ရှိမှ အဝင်ရှိတာ။ သည်တော့ ညည်းလူက အလုပ်မရှိဦး ဖြုန်းဖို့သုံးဖို့ ပိုက်ဆံရှိရင် ရတ်ခနဲ အလုပ်မရှိဦး တော်သေးရဲ့။ ပိုက်ဆံလည်းမရှိ။ အလုပ်လည်းမရှိဆိုရင် ဘယ်လိုလုပ်နေကြမှာလဲ။

ညည်းရတဲ့ လခကလေးကလည်း အစိတ် သုံးဆယ်။ ညည်းဟာ ညည်း ဝယ်ဝတ်တဲ့ အဝတ်ဖိုးနဲ့ပဲ ညည်းလခဟာ မလောက်လို့ တို့က ထောက်ရသေးတယ်။ ညည်းတို့ ဘယ်လိုနေကြမလဲ။ အဲဒါ စဉ်းစားစမ်း"

"သူတို့လည်း ဒါလောက် သိမ်သိမ်ငယ်ငယ်ထဲက မဟုတ်ပါဘူး မေမေရယ်။ ဒီတော့ အလုပ်မရှိခင်စပ်ကြားမှာ မေမေထင်သလောက် ရှားရှား၊ ပါးပါး၊ ငတ်ငတ်၊ ပြတ်ပြတ် နေရလိမ့်မယ်မထင်မိပါဘူး"

"စိမ်းရွှေနော်... ညည်းလည်း ညည်းသန်ရာ ဆွဲပြောနေတာပဲ။ ကဲ... ဒါလောက်တောင်ဖြစ်တာ ညည်းလူကို မိဘားဖသားပိပိ သူ့မိဘများက လာပြီး တောင်းရမ်းဖို့ပြော"

"နို့ မေမေက အလုပ်မရှိသေးဘဲနဲ့ မယူရသေးဘူးဆို သူအလုပ်ရမှ"

"ညည်းမသိပါဘူး အလုပ်ရဖို့က တစ်သက်လုံး စောင့်ချင်စောင့်ရမှာ။ ဒီတော့ စပ်ကြားမှာ ညည်းတို့ သူငယ်တွေဆိုတာ ဘာမှမစဉ်းစားတတ်ဘူး။ ချဉ်သီးနဲ့ဆားလို တွေ့ပါများတော့ ယဉ်ပါးပြီး ကြာတော့ လူကြီးမိဘတွေ အရှက်ကွဲစရာဖြစ်မှာ စိုးရိမ်ရတယ်"။

"ဒါကြောင့် နှစ်လအတွင်း တောင်းရင်တောင်းပေစေ။ ဒီအတွင်းမှ မတောင်းနိုင်ရင် ညည်းကို အလုပ်လက်ကိုင်ရှိတဲ့ ကျောင်းဆရာ မောင်ထွန်းမောင်နဲ့ ပေးစားရလိမ့်မယ်။ ကျောင်းဆရာဆိုပေမဲ့ ဝတ္ထုတွေ၊ ဘာတွေရေးလို့ သူ့ဆီကလည်း ဝင်ငွေတော်တော်ရှိတယ်"

mgyoe.com

mgyoe.com


"သူ့ခမျာ ညည်းကိုလိုချင်လို့ ငါ့ကိုကပ်နေတာ ကြာလှပြီ။ ငါကသာ သမီးကလေး လင်စိတ်၊ သားစိတ် မကူးသေးဘူးထင်ပြီး အင်တင်တင်လုပ်နေခဲ့တာ။ ခုတော့ ညည်းလည်း တစ်ဖက်တစ်လမ်းက ကိုယ့်စခန်းကိုယ်သွားနေပြီဥစ္စာ၊ ငါပေးတဲ့ ရက်ချိန်းအတိုင်း လုပ်နိုင်ရင် လုပ်ပေစေ။ မလုပ်နိုင်လို့ ရက်ချိန်းက တစ်ရက်စွန်းရင် ထွန်းမောင်နဲ့ အပေးစားပဲ"

"အဲဒါ ကြပ်ကြပ်သတိထား။ ညည်းတို့ကောင်းစားဖို့ တို့မိဘများက အမုန်းခံရမှာ။ ရော့... ဟောဒီမှာ ဓာတ်ပုံဟုပြော၍ လက်တွင်ကိုင်ထားသော ဓာတ်ပုံကို ပစ်ပေးပြီး ထွက်သွားလေ၏။"

စိမ်းရွှေမှာ ငေးကြောင်ကြောင်နှင့် ကျန်ရစ်ရာမှ ထွန်းမောင်နှင့် ပေးစားမည်ဆိုသော စကားတစ်လုံးမှာ မိမိအသည်းနှလုံးကို ချေမှုန်းလိုက်သကဲ့သို့ များစွာ အခံရခက်၍ အသက်ရှူကျပ်နေမိရာမှ တစ်ဖန်လည်း မြင့်သိန်းက နှစ်လအတွင်း တောင်းရမ်းနိုင်ရင် ပေးစားမည်ဆိုပြန်သောကြောင့် တအားတက်ကာ၊ နောက်တစ်ကြိမ် မြင့်သိန်းနှင့်တွေ့လျှင် ၎င်း၏ မိဘများလွှတ်၍ တောင်းရမ်းဖို့ ပြောမည်။

မိမိက ဤသို့ပြောလျှင် မြင့်သိန်းကလည်း ဝမ်းမြောက်ဝမ်းသာ သူ့ မိဘများနှင့် ချက်ချင်းလာတောင်းမှာပဲ။ သူတို့လည်း သိမ်ငယ်သူများ မဟုတ်သဖြင့် နှစ်လအတွင်း မည်သည့်နည်းနှင့်မျှ မတောင်းနိုင်စရာ မရှိဟု မိမိစိတ်ကို အားမြဲစေပြန်လျှင် တစ်ဖန် မိခင်ဖြစ်သူ ဒေါ်မေမှာ 'ဘူးဆိုရင် ဖရုံမသီး' သော အဒေါ်ကြီးတစ်ယောက် ဖြစ်ကြောင်းသိပြီးဖြစ်သဖြင့် နှစ်လမပြည့်မီ ဆက်ဆက်တောင်းဖို့ မြင့်သိန်းကိုမှာရန် စိတ်အားထက်သန်နေရှာလေသတည်း။



mgyoe.com